
တထ်ဝဝတ်

mgyoe.com


# ရွှေဥဒေါင်း

# လမ်းနှစ်သွယ်



mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း



SOD0045

1,800.00 KS

mgyoe.com

ထုတ်ဝေသူ-ဦးကျော်ကျော်ဝေ၊ ရွှက်စိမ်းစာပေ၊ (၀၀၀၄၇)
လမ်းမတော်၊ရန်ကုန်။
ပုံနှိပ်သူ-ဒေါ်ဝင်းမာ၊စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ (၀၀၄၁၃)
အမှတ်-၁၁၇၉၊မစိုးရိမ်လမ်း၊ကံဘဲ့၊ရန်ကင်း။
၂၀၁၅၊ ဒီဇင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ် ၅၀၀၊

တန်ဖိုး- ၁၈၀၀ ကျပ်

mgyoe.com

mgyoe.com

# လမ်းနှစ်သွယ်

ရွှေဥဒေါင်း

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# အခန်း [ ၁ ]

မြန်မာသက္ကရာဇ် ၁၂၉၁ ခု နယုန်လဆန်း ၉ ရက်နေ့ ည ၁၀ နာရီကျော်အချိန်ခန့်တွင် ရန်ကုန်မြို့ ချာချီလမ်း (ကိုယ့်မင်း ကိုယ့်ချင်းလမ်း)နှင့်ဘောင်ဒရီလမ်း(ဓမ္မစေတီလမ်း)ထောင့်ရှိ ညောင်ပင်ကြီး၏ အောက်၌ ညီအစ်ကိုနှစ်ယောက်တို့သည် တစ်ယောက်နှင့်တစ်ယောက် ခွဲခွာရတော့မည့် အနေမျိုးဖြင့် ဝမ်းနည်းစွာသော မျက်နှာထားနှင့် နှုတ်ဆက်လျက်ရှိကြလေ၏။

၎င်းတို့မှာ ပင်စင်အငြိမ်းစား အရေးပိုင် ဦးကျော်ဒွန်းနှင့် မင်းကတော်ကြီး ဒေါ်သန်းတင်တို့၏သားများ ဖြစ်ကြ၍ အမည်မှာ ခင်မောင်ကြီးနှင့် ခင်မောင်ကလေးဟူ၍ ခေါ်တွင်ကြလေရာ နှစ်ဦးလုံးတို့မှာ ကောလိပ်ကျောင်းသားများ ဖြစ်ကြလေသည်။

ခင်မောင်ကြီးမှာ မိခင်၏ အချစ်တော်ဖြစ်၍ ခင်မောင်ကလေးမှာ ဖခင်၏ အချစ်တော်ဖြစ်လေရာ မိဘနှစ်ပါးတို့သည် သားနှစ်ယောက် အကြောင်းနှင့် စပ်လျဉ်း၍ ဂုဏ်တုဂုဏ်ပြိုင် သဘောထားလျက် သားငယ် ခင်မောင်ကလေးက ၁၀ တန်း စာမေးပွဲ၌ စကောလားရှစ်နှင့် အောင်မြင်သောအခါတွင် ဖခင်ဖြစ်သူသည် မိမိ၏ အချစ်တော် သားငယ်အား

mgyoe.com

mgyoe.com


မြှောက်စားချီးမွမ်းခြင်း ပြုရုံမျှမက မိခင်၏အချစ်တော် ခင်မောင်ကြီးအားလည်း ဘောသောကြီးဟူသော အမည်ဖြင့် လှောင်ပြောင်ခေါ်ငင်ခြင်း ပြုခဲ့လေ၏။

ယင်းကဲ့သို့ ပြုခြင်းအားဖြင့် အစ်ကိုဖြစ်သူ ခင်မောင်ကြီးမှာ အကြီးဖြစ်သည့်အလျောက် ရှက်လည်းရှက်၊ ခံလည်းမခံချင် ရှိနေရသည့်အတွင်း စိနီယာအိုင်အေစာမေးပွဲ၌ ကျရှုံးပြန်ခဲ့လေရာ ကျောင်းနေနောက်ကျသည့်အတွက်ကြောင့် တစ်တန်းမျှ အောက်ကျလျက်ရှိသော ခင်မောင်ကလေးသည် ခင်မောင်ကြီးကို မီ၍လာလေ၏။ ထိုအခါ ဖခင်ဦးကျော်ဒွန်းသည် မိမိ၏အချစ်တော် သားအတွက်ကြောင့် ဝမ်းမြောက်သည်တစ်ကြောင်း၊ ခင်မောင်ကြီးအား သည်းမခံချင်သော စိတ်ဖြစ်ပေါ်လာစေခြင်းအားဖြင့် ပညာကို ကြိုးစားစေလိုသည် တစ်ကြောင်းကြောင့် ယခင်ကထက်ပင် ဖိနှိပ်၍ ဒတ်ဖားဘောသောကြီးဟူသော အမည်နှစ်ဆင့်ဖြင့် မှည့်ခေါ်ပြန်လေ၏။

အချို့သော မိဘတို့သည် သားသမီးတို့အား ရှက်လောက်၊ နာလောက်သော အမည်မျိုးနှင့် မှည့်ခေါ်ခြင်းအားဖြင့် ၎င်းတို့၌ မခံချင်သောသဘော ဖြစ်ပေါ်လာပြီးလျှင် ရှေးကထက်တိုး၍ ပညာကို ကြိုးစားလိမ့်မည်ဟူ၍ ယုံကြည်တတ်ကြသည်ဖြစ်ရာ ထိုကဲ့သို့မှည့်ခေါ်ခြင်းအားဖြင့် သားသမီးတို့၏စိတ်၌ မည်မျှလောက် ထိခိုက်နာကျင်ကြောင်းကိုလည်းကောင်း၊ မိမိတို့အပေါ်၌လည်း မည်မျှလောက် အကြည်ညို လျော့ပေါ့သွားစေသည့်အကြောင်းကို လည်းကောင်း မဆင်ခြင်မိကြချေ။ နာကြည်းအောင် မှည့်ခေါ်ခြင်းအားဖြင့် အကြင်သားသမီးသည် ပညာကို တိုး၍ ကြိုးစားမည်၊ မကြိုးစားမည်ကို အမှန်မဆိုနိုင်ငြားသော်လည်း မိဘအပေါ်၌ အကြည်ညိုပျက်စေမည့်အကြောင်းကိုမူကား အမှန်ဆိုနိုင်သည်ဖြစ်ရာ မိဘတို့အား သားသမီး

mgyoe.com

mgyoe.com


တို့က ကြည်ညိုခြင်းသည် အရေးကြီးဆုံးသော အခြင်းအရာတစ်ခု ဖြစ်စေသောကြောင့် မည်သို့သော အကျိုးကျေးဇူးနှင့်မျှ လဲလှယ်ခြင်းငှာ မထင်ခဲ့ချေ။

ခင်မောင်ကလေးမှာမူ သဘောထား သေးသိမ်သော အချို့ ညီငယ်များကဲ့သို့ မျက်နှာလိုအားရ ထောင်လွှားတက်ကြွခြင်းမရှိဘဲ မိမိအား ချီးမြှင့်မြှောက်စားခြင်းကိုပင် အစ်ကိုအတွက် အားတုံ့အားနာ ဖြစ်လျက် ခင်မောင်ကြီးအား ဒုတ်ဖားဘောသောဟူသော အမည်ဖြင့် မှည့်ထားခြင်းကို ဖခင်ဖြစ်သည့်အတွက်ကြောင့် ထုတ်ဖော်ကန့်ကွက် ခြင်း မပြုဝံ့စေကာမူ ဖခင်က ခေါ်ဝေါ်သော အခါများ၌ အားရဝမ်းသာ ရယ်မောခြင်းမပြုဘဲ ခံရသူ ကာယကံရှင် ကိုယ်တိုင်ထက်ပင် မျက်နှာ ညှိုးငယ်စွာ ရှိနေတတ်ချေသည်။

တစ်နေ့သ၌ ညီအစ်ကိုနှစ်ယောက်တို့သည် အခြားသော ကောလိပ်ကျောင်းသားများနှင့်အတူ ပျော်ပွဲစားထွက်ကြရာတွင် လူငယ် တို့ဘာဝ သောက်စားမူးယစ်ခြင်း၊ ကိုးမီး ဖဲကစားခြင်း စသော ပျော်ရွှင်မှု တို့ကို သစ်ပင်ရိပ်ကောင်းကောင်း၌ ခံစားလျက်ရှိကြစဉ် ဖခင်ဦးကျော်ဒွန်း သည် မင်းကတော်ကြီး ဒေါ်သန်းတင် လေနာရောဂါ အပြင်းဖမ်း သဖြင့် သားများကိုခေါ်ရန် မော်တော်ကားဖြင့် လိုက်သွားသည်နှင့် ပက်ပင်းပါ တွေ့မြင်ရလေ၏။ ကျောင်းသားများသည် လွတ်လပ်သော တောစခန်းဖြစ်သည့်အလျောက် ဘီယာပုလင်းများကို နံဘေး၌ထောင်ခါ ပျော်ရွှင်စွာ ဖဲကစားလျက်ရှိကြ၍ အချို့မှာလည်း တယော၊ မယ်ဒလင် စသည့်တူရိယာတို့ကို တီးသူက တီး၊ အသံကုန် လွှတ်သူက လွှတ်၊ ကသူက က၊ ခုန်သူက ခုန်၊ ဆူညံစွာ ရှိနေ ကြသည်ဖြစ်သောကြောင့် ဦးကျော်ဒွန်း၏ မော်တော်ကား ဆိုက်ရောက်လာခြင်းကို မည်သူကမျှ သတိမပြုမိချေ။

mgyoe.com

mgyoe.com


သို့ဖြစ်၍ ခင်မောင်ကြီးသည် ကိုးမီးဝိုင်းတွင် ခုနစ်ချွန်းထိုး ဖြစ်နေသောကြောင့် ဖဲကိုပွတ်၍ အကြောက်ကြည့်နေစဉ် ခင်မောင်ကလေးက ဘီယာခွက်ကိုကိုင်ခါ အစ်ကို၏နောက်မှ ပိုး၍ ကြည့်နေဆဲတွင် ဖခင်ဦးကျော်ဒွန်း ဆိုက်ရောက်သွားလေ၏။ ကျောင်းသားများသည် တီးမှုတ်နေသူများက အချက်ပေးလိုက်သည်တွင်မှ ဖဲဝိုင်းမှ မော်ကြည့်ကြ၍ ခင်မောင်ကြီးတို့၏ ဖခင်ဖြစ်ကြောင်း သိကြသည်နှင့် ကြက်သေ သေလျက် ရက်ကြောက်သော မျက်နှာထားများနှင့် ဦးခေါင်းချခါ ရှိနေကြလေရာ ဦးကျော်ဒွန်းသည် သားသမီးများ၏ အပြစ်ကျူးလွန်ခြင်းကို သည်းခံတတ်သော ဝါသနာမရှိသည့် အဘိုးကြီးတစ်ယောက် ဖြစ်သည့်အတိုင်း သားနှစ်ယောက်တို့အား ဒေါသကြီးစွာနှင့် ကြိမ်းမောင်းရေရွတ်လေ၏။

စင်စစ်အားဖြင့် ဦးကျော်ဒွန်းသည် မိမိ၏ အချစ်တော်ဖြစ်သော သားငယ် ခင်မောင်ငယ်ကလေးကို ပိုမို၍ မြည်တွန်ကြိမ်းမောင်းခြင်း ပြုသည်မှန်သော်လည်း ဖခင်အပေါ်၌ မကျေနပ်ခြင်း အရင်းခံရှိသော ခင်မောင်ကြီးက ပိုမို၍ စိတ်နာဟန်ရှိချေ၏။ ခင်မောင်ကလေးက မိမိပြုမိသောအပြစ်ကို ချက်ချင်းပင် ဝန်ခံ၍ သေအရက် သောက်စားခြင်းနှင့် လောင်းကစားခြင်းတည်းဟူသော မကောင်းမှု များကို ဖခင်ထံ အသက်ထက်ဆုံး ရှောင်ကြဉ်ပါတော့မည်ဖြစ်ကြောင်းနှင့် ပဋိညာဉ်ပေးလေရာ ခင်မောင်ကြီးကမူ မျက်နှာထား သုန်သုန် မှုန်မှုန် ဦးခေါင်းချကာ အံကြိတ်လျက် ရှိလေ၏။

နေအိမ်သို့ ရောက်ကြသောအခါ ဦးကျော်ဒွန်းသည် မင်းကတော်ကြီး၏ လေနာရောဂါ သက်သာသည်နှင့် တစ်ပြိုင်နက် သားနှစ်ယောက်တို့၏ အဖြစ်အပျက်ကို တိုင်တန်းပြောဆိုလေရာ ခင်မောင်ကလေးက မိခင်၏ရှေ့တွင် ထပ်လောင်း၍ ပဋိညာဉ်ပေးသော်လည်း

mgyoe.com

m.gyoe.com

ခင်မောင်ကြီးကမူ မှုန်တေတေ လုပ်၍သာလျှင် နေလေ၏။ ဒေါ်သန်းတင်သည် မိမိ၏ အချစ်တော် သားကြီးဖြစ်သည့်အလျောက် ကာကွယ်လိုသည်ဖြစ်၍ လူငယ်တို့မည်သည်မှာ ပျော်ပါးသည့် အချိန် အရွယ်တွင် အထိုက်အလျောက် ပျော်ပါးထိုက်ကြောင်း၊ တစ်သက် ပတ်လုံး ဘုန်းကြီးစိတ်သဘောရှိစေဖို့ မမျှော်လင့်ထိုက်ကြောင်းများ နှင့် ခုခံပြောဆိုလေရာ ဦးကျော်ဒွန်းသည် မိခင် ဖျက်ဆီးသည့်အတွက် ကြောင့် သားကြီး ပျက်စီးတော့မည်အကြောင်းများနှင့် သားရောအမိပါ နှစ်ယောက်စလုံး ဆူပူကြိမ်းမောင်းလေ၏။

ထိုညဉ့်၌ လူကြီးများ အိပ်ပျော်သည်နှင့် တစ်ပြိုင်နက် ခင်မောင်ကြီးသည် မိမိ၏ အဝတ်အစားများကို သားရေအိတ်တစ် လုံးတွင်ထည့်၍ မိခင်၏ ခုတင်ခြေရင်းမှ ကန်တော့ပြီးလျှင် ညီ ခင်မောင်ကလေးကို နှိုး၍ အိမ်မှ ဆင်းလာခဲ့ကြလေ၏။ ညောင်ပင် ကြီးအောက်သို့ ရောက်ကြသောအခါ . . .

"ကိုင်း . . . ဒီနေရာက ငါ့ညီ နေရစ်ပေတော့"

"ကျွန်တော် တားပါရစေ ကိုကိုရယ်။ လူကြီးဆိုတာ စိတ် ဆိုးတဲ့အခါ ဆူတာ၊ ပူတာပေါ့"

"တော်ပြီ ငါ့ညီ၊ တစ်ညနေလုံး ငါ စဉ်းစားပြီးပြီ။ မင်း မတားနဲ့တော့ အပိုပဲ။ ဘယ့်နှယ်ကွယ် လူကို ဒုတ်ဖားဘောသော ကြီးလို့လည်း ခေါ်သေးရဲ့၊ သူငယ်ချင်းတွေရှေ့မှာ လူပျိုကြီးဖားဖား ဖြစ်မှ ခွေးကြိမ်းသလို ကြိမ်းသေးရဲ့။ တော်ရော့လားကွယ်"

"ကိုကို့ကို ဒါလောက် မကြိမ်းပါဘူး။ ကျွန်တော့်ကို ကြိမ်း တာပါ ကိုကိုရဲ့"

"မင်းကိုတော့ ချစ်လို့ ကြိမ်းတာကွယ့်။ မင်း ခံနိုင်တယ်၊ ငါလည်း မေမေ ကြိမ်းလျှင် ခံနိုင်တာပေါ့"

m.gyoe.com

mgyoe.com


"ကျွန်တော်တော့ မေမေ ကြိမ်းလျှင်လည်း ခံနိုင်ပါတယ် ကိုကိုရယ်"

"မှန်တယ်၊ ငါလည်း ယုံကြည်တယ်။ သို့သော် မင့်စိတ်နဲ့ ငါ့စိတ်နဲ့မတူဘူး ညီရဲ့။ မင်းလို သဘောကောင်းတဲ့လူတော့ အရှား သားပဲ။ ငါလည်း ဝန်ခံပါတယ်။ ငါကတော့ ကျွတ်တယ်ဆိုဆို၊ ဆတ်တယ်ဆိုဆို ငါ့ညီလိုတော့ သည်းမခံနိုင်ဘူးကွယ့်၊ ချီးမွမ်းပါတယ် ငါ့ညီရယ်။ နို့ပေမယ့် ကိုယ့်ပဋိသန္ဓေစိတ်နှင့်ကိုယ် လာကြတာမို့ အတုခိုး ဖို့တော့ မတတ်နိုင်ဘူး ငါ့ညီရယ်"

ခင်မောင်ကလေးသည် စုစုပေါင်းမှ ညီအစ်ကိုနှစ်ယောက်ထဲ ရှိကြသည့်အနက် အစ်ကို ထွက်၍သွားခဲ့လျှင် တစ်ယောက်တည်း ကျန်ရစ်ခဲ့မည့်အရေးကို မျှော်တွေးမိသဖြင့် မျက်ရည်မဆည်နိုင်အောင် ရှိနေလေ၏။ ညီငယ်သည် မိမိမျက်နှာရသည့်အတွက် အစ်ကိုအပေါ်၌ ဘယ်အခါမျှ ကြွားဝါးခြင်း၊ အသားယူခြင်း မရှိခဲ့သည်ဖြစ်ရာ အစ်ကို ဖြစ်သူကလည်း မျက်နှာရသော ညီငယ်အပေါ်၌ ဘယ်အခါမျှ မနာလို ဝန်တိုခြင်း မရှိခဲ့ဘူးသည် ဖြစ်ရကား စင်စစ်ကြင်နာချစ်ခင်ခြင်း ရှိကြ သော ညီအစ်ကိုလည်း ဖြစ်ချေ၏။

"မငိုပါနဲ့ ငါ့ညီရယ်၊ ကွဲကြတယ်ဆိုတာ ဓမ္မတာကြီးပဲကွယ့်။ အခု မကွဲလျှင်လည်း နောက်တစ်နေ့နေ့တော့ ကွဲကြမယ် မဟုတ်လား ညီရယ်"

"ကျောင်းသွားလည်း အတူတူ၊ လည်တော့ ပတ်တော့လည်း အတူတူ၊ အိပ်အတူ၊ စားအတူ နေခဲ့ကြတဲ့အပြင် ဘယ်တော့မှ ရန်ခိုက် ဒေါသ မဖြစ်ခဲ့ဘူးတဲ့ ညီအစ်ကိုမို့လို့ ကျွန်တော် လွမ်းလှတယ် ကိုကိုရယ်"

mgyoe.com

ခင်မောင်ကလေးသည် ရှိက်ကြီးတငင် ငိုကြွေးလေရကား စိတ်တင်းမာလှသော ခင်မောင်ကြီးပင်လျှင် ညိုငယ်၏ ဝမ်းနည်းခြင်းကို မြင်ရသဖြင့် မျက်ရည်လည်မိလေ၏။

"တိတ်ပါ ငါ့ညီရယ်၊ တစ်နေ့နေ့တော့ တွေ့ကြဦးမှာပေါ့။ ဒီလောက် ဝမ်းမနည်းပါနဲ့ကွယ်"

"နို့ . . . ကိုကို့မှာ စရိတ်များ ဘယ်လောက်ပါသလဲ ကိုကို"

"အခုဖြင့် ငွေကလေး သုံးကျပ် ရှစ်ပဲ ပါတယ်ကွယ့်။ သို့သော် ကိုကို့လက်စွပ် ရှိသားပဲ။ ဒါ ပေါင်ရမှာပေါ့"

"ဒါဖြင့် ကျွန်တော့် လက်စွပ်ပါယူသွား ကိုကို"

ခင်မောင်ကလေးသည် တစ်ယောက်တစ်ကွင်းစီ လုပ်ပေးထားသော စိန်ဖာရံလက်စွပ်ကို ချွတ်၍ပေးရာ ခင်မောင်ကြီးက ငြင်းပယ်သော်လည်း နောက်ဆုံး၌ လက်ခံရလေ၏။

ကြီး။ ။ "ကိုင်း . . . ကိုကို သွားမယ် ငါ့ညီ"

ကလေး (ရှိက်လျက်)။ ။ "သွားပါတော့ ကိုကို"

"ဒါထက် နေဦးဟေ့ ငါ့ညီ၊ မင်းက မိဘစကားကို နားထောင်တဲ့ သားပေကိုးကွယ့်။ ငါက နားမထောင်ဘဲ တော်လှန်ပုန်ကန်တဲ့သား ဆိုပါတော့။ ကိုင်း...လောကမှာ မင်းနဲ့ ငါနဲ့ ဘယ်သူက ကြီးပွားသလဲ ပြိုင်ကြရအောင်။ ဒီကနေ့ ဘယ်နှစ်ရက်လဲ။ ဩော်... သိပြီ။ ၁၂၉၁ ခု နယုန်လဆန်း ၉ ရက်။ ကောင်းပြီ၊ ဒီကနေ့က စပြီး နောက် ငါးနှစ်တိတိ ကြာတဲ့အခါမှာ မင်းနဲ့ ငါနဲ့ ဒီနေရာမှာ တွေ့ကြမယ်။ ဒီတစ်ခါမှာ မင်းနဲ့ ငါနဲ့ ဘယ်သူက ကြီးပွားသလဲ ယှဉ်ကြရအောင်၊ ကြားလား။ ကိုင်း...ရက်စွဲကို သတိမမေ့ရအောင် ဟောဒီ ညောင်ပင်ကြီးမှာ ဓားနှင့်ထစ်ပြီး မှတ်သားမယ်ဟေ့၊ ကြည့်နော်"

mgyoe.com

mgyoe.com


ခင်မောင်ကြီးသည် အိတ်ထဲမှ မောင်းချစားကိုထုတ်၍ မိမိတို့ တွေ့ဆုံမည့်နေ့ရက်ကို ညောင်ပင်ကြီးတွင် အောက်ပါအတိုင်း ရေးထွင်းလေ၏။

၉–၃–၉၆

ကြီး။ ။"၁၂၉၆ ခုနှစ် နယုန်လဆန်း ၉ ရက်နေ့ ညနေ နေဝင် တရိတရောအချိန်မှာ မင်းနဲ့ ငါနဲ့ ဒီနေရာမှာ တွေ့ကြမယ် ဟုတ်လား"

ကလေး။ ။"ကောင်းပါပြီ ကိုကို"

"ကိုင်း . . . ငါ သွားမယ်ဟေ့။ မေမေ့ကို မင်း ကြည့်ပြီး ကောင်းအောင် ပြောလိုက်ပါတော့ကွယ် နော်"

"ကောင်းပါပြီ ကိုကို"

၎င်းနောက် ခင်မောင်ကြီးသည် ခင်မောင်ကလေး၏ လက်နှစ်ဖက်ကို မိမိ၏ လက်နှစ်ဖက်နှင့်ကိုင်ကာ ကျစ်ကျစ်ပါအောင် ဆုပ်၍ ရမ်းပြီးနောက် သားရေအိတ်ကို ပခုံးပေါ်၌ထမ်းလျက် ကြည့်မြင်တိုင်ဘက်သို့ လျှောက်သွားလေရာ ခင်မောင်ကလေးသည် မျက်ရည်အပြည့်ရှိသော မျက်လုံးတို့ဖြင့် မျက်စိတစ်ဆုံးတိုင်အောင် မျှော်ကြည့်လျက် ကျန်နေရစ်လေ၏။

ခင်မောင်ကြီးသည် ဦးဖြားတောရနှင့် ရွှေတိဂုံဘုရား၏ အကြားရှိ အိမ်ငယ်ကလေးတစ်ခုသို့ ရှေးရှုလျှောက်သွား၍ တစ်ဆောင်သော တဲကလေး၏တံခါးကို ခေါက်လေရာ ရုပ်ရည်သနားကမားနှင့် အသက် ၁၇ နှစ်ခန့်ရှိ သူငယ်မတစ်ယောက်သည် တံခါးကို ဖွင့်ပေးလေ၏။

mgyoe.com

mgyoe.com


ငင်းသူငယ်မသည် ရွှေတိဂုံဘုရားပေါ်၌ ပန်းများ ရောင်းချသည့် မသန်းရီဆိုသူ မိန်းမချောကလေးဖြစ်လေရာ ခင်မောင်ကြီးသည် အခြားသော ကောလိပ်ကျောင်းသားများနှင့်အတူ အားလပ်သော စနေ၊ တနင်္ဂနွေနေ့များတွင် ဘုရားကုန်းတော်သို့သွား၍ မသန်းရီ၏ဆိုင်တွင် ထိုင်ကာ ရယ်မောပိုးပန်းကြရာမှ သမီးရည်းစားအဖြစ်သို့တိုင် ရောက်ခဲ့ခြင်း ဖြစ်လေသည်။ ခင်မောင်ကြီးသည် မသန်းရီအား အတည်သဘောဖြင့် ချစ်ကြိုက်သည်မဟုတ်ဘဲ သူငယ်ချင်းများ၏ မြှောက်ပင့်တိုက်တွန်းချက်အရ သမီးရည်းစား ဘဝသို့တိုင် ရောက်ခဲ့ရခြင်းဖြစ်လေရာ မသန်းရီကလည်း မိမိအား တင့်တောင့်တင့်တယ် ကြဲစည်လိမ့်မည်ဟူ၍ မမျှော်လင့်ဘဲ ခင်မောင်ကြီးက ဝယ်ခြမ်းပေးသော ပေါင်ဒါဘူး၊ ရေမွှေးပုလင်း၊ ပိုးလက်ကိုင်ပဝါ စသည့် လက်ဆောင်များဖြင့်သာလျှင် စိတ်ကျေနပ်လျက် ရှိခဲ့လေ၏။ သို့ရာတွင် မသန်း ရီသည် ပါးနပ်သော မိန်းကလေးတစ်ယောက် ဖြစ်သည့်အလျောက် မိမိ၏ မောင်ကလေး ဖြစ်စေ၊ မိခင်ဖြစ်စေ မရှိဘဲလျက် ခင်မောင်ကြီးနှင့် ဘယ်အခါမျှ လက်ခံတွေ့ဆုံခြင်း မပြု၊ မလုပ်ခဲ့ချေ။

မသန်းရီသည် ခင်မောင်ကြီးကို မြင်သည်နှင့် တစ်ပြိုင်နက် မိခင်အား နှိုးမည်ပြုလေရာ ခင်မောင်ကြီးက မိမိမှာ ကြာရှည်ထိုင်နေမည်မဟုတ်ဘဲ နှုတ်ဆက်ရန်မျှသာ ဝင်လာခြင်းဖြစ်သောကြောင့် မနှိုးရန် တားဆီးပြီးလျှင် မိမိ၏ အဖြစ်အပျက်ကို ပြန်ပြော၍ ကမ္ဘာလောကကြီး၌ ကိုယ့်ထူးကိုယ်ချွန် သဘောမျိုးနှင့် စီးပွားရှာထွက်တော့မည် ဖြစ်ကြောင်း၊ ကြီးပွားသည်ဖြစ်စေ၊ မကြီးပွားသည် ဖြစ်စေ မသန်းရီအား ဘယ်နည်းနှင့်မျှ မေ့နိုင်မည်မဟုတ်ကြောင်း၊ မိမိ ကြီးပွားစေဖို့ကိုလည်း မသန်းရီက ဆုတောင်းမေတ္တာ ပို့သပါမည် ဖြစ်ကြောင်း၊ အခါအခွင့်သင့်ခဲ့ပါလျှင် မသန်းရီနှင့် တွေ့ဆုံဖို့ မျှော်လင့်ဖွယ်ရာ ရှိကြောင်းများနှင့်

mgyoe.com

mgyoe.com

ပြောဆိုနှုတ်ဆက်၍ ထွက်သွားလေရာ မသန်းရီမှာ ဝမ်းနည်းပက်လက် ဖြစ်နေသည့်အတွက်ကြောင့် တားဆီးရန်ကိုမျှ စကားရှာ၍ မရသေးမီ ခင်မောင်ကြီးသည် ရွှေတိဂုံဘုရားဆီသို့ သားရေအိတ်ကိုဆွဲလျက် ခပ်သုတ်သုတ် လျှောက်သွားသဖြင့် ဝါးရုံပင်များ ကွယ်သွားလေ၏။

ခင်မောင်ကြီးသည် သွေးဆေးကန်ဘက်မှ ရွှေတိဂုံဘုရား ပေါ်သို့ တက်၍ ပန်း၊ ဖယောင်းတိုင် စသည်တို့ကို ဝယ်ယူပြီးလျှင် နာရီဝက်ခန့်မျှကြာအောင် ရှိခိုးပူဇော်ပြီးနောက် မြို့ဘက် စောင်းတန်းမှ ဆင်းသွားလေသတည်း။

❑

mgyoe.com

mgyoe.com

## အခန်း [ ၂ ]

အထက်ပါအခြင်းအရာတို့ ဖြစ်ပျက်ပြီးသည့်နောက် လေးနှစ်ခန့်ကြာသောအခါတွင် ခင်မောင်ကလေးသည် အိုင်အေစာမေးပွဲကို အောင်မြင်ပြီးသဖြင့် ဖခင်၏မျက်နှာကြောင့် ပုလိပ်ဘက်၌ အင်စပက်တော်ရာထူးကို ရရှိ၍ မန္တလေးမြို့၌ ပုလိပ်ကျောင်း တက်ခဲ့ရပြီးလျှင် ရန်ကုန်မြို့ပေါ်၌ပင် အင်စပက်တော်ရာထူး၌ အလုပ်လုပ်ကိုင်လျက် ရှိနေခဲ့လေပြီ။

မင်းကတော်ကြီး ဒေါ်သန်းတင်မှာ ချစ်လှစွာသောသား ခင်မောင်ကြီး ထွက်သွားသည့်နေ့မှစ၍ မစားနိုင်၊ မအိပ်နိုင် တမှိုင်မှိုင် တတွေတွေ ရှိနေခဲ့သည်ဖြစ်ရာ ခင်မောင်ကလေးသည် ရှေးအခါကမူ မိမိအား အထူးမျက်နှာသာပေး၍ မြှောက်စားခဲ့သော ဖခင်ဦးကျော်ဒွန်းကိုသာလျှင် အထူးအလေးအမြတ် ပြုခဲ့သည်မှန်သော်လည်း ခင်မောင်ကြီးအတွက် ရင်ကွဲနာကျလျက်ရှိသော မိခင်ကို မြင်ရသောအခါ၌ ကြင်နာသနားလှသည်ဖြစ်သောကြောင့် ဖခင်ထက်ပင်လျှင် မိခင်ကို ပိုမို၍ ဂရုကထ ပြုခဲ့လေ၏။ ဦးကျော်ဒွန်းသည်လည်း ပထမ၌ မထိုက်မတန်သော သားတစ်ယောက်အတွက် ဤမျှလောက် စိတ်ဒုက္ခ

mgyoe.com

mgyoe.com


အရောက်ခံရချေသလောဟု မြည်တွန်တောက်တီးခြင်းပင် ပြုခဲ့သေးသည်ဖြစ်ရာ မင်းကတော် ဒေါ်သန်းတင်၏ လွမ်းဆွတ်ခြင်းသည် သာမည လွမ်းဆွတ်ခြင်းမျိုးမဟုတ်၊ တစ်နေ့တခြား အသားအရေကြဲလိုဖျော့တော့ အားလျော့ခြောက်ခန်းသော အဖြစ်သို့တိုင်အောင် လွမ်းဆွတ်ခြင်းဖြစ်ကြောင်းကို တွေ့ရှိရသော အခါ၌မူကား . . .

မြည်တွန်ခြင်းကို လက်လျှော့၍ နှစ်ပေါင်းများစွာ သင့်မြတ်ကြင်နာစွာ ပေါင်းသင်းလာခဲ့သော အကြင်လင်မယား ဖြစ်ကြသည့်အလျောက် သာယာညင်းပျောင်း နားဝင်ကောင်းသော စကားတို့ဖြင့် သာလျှင် ချော့မော့ပြောဆိုခြင်း ပြုခဲ့လေ၏။

ဒေါ်သန်းတင်ကမူ မိမိ၏ သားကြီး ထွက်သွားရခြင်းမှာ ဖခင်ဖြစ်သူ၏ ရက်စက်သော သဘောကြောင့် ပြုမိပြုရာ ပြုရရှာခြင်းဖြစ်ကြောင်း၊ နေ့ရှိသမျှ ဒတ်ဖားဘောသောကြီးဟူသော စက်ဆုပ်ဖွယ်ရာ အမည်ဆိုးဖြင့် ထပ်ခါတလဲလဲ ခေါ်ဝေါ်ခြင်းကို အကယ်နံ့ဖျင်းသောကျွဲ၊ နွား စိတ်သဘောရှိသူမျိုးမှတစ်ပါး မည်သူတစ်ဦးတစ်ယောက်မျှ သည်းခံနိုင်မည် မဟုတ်ကြောင်း၊ ထိုကဲ့သို့ ခေါ်ဝေါ် ခြင်းသည် "သားနင်သွားလော့၊ နင် မနေနှင့်၊ နင့်မျက်နှာ ငါ မကြည့်ချင်ဘူး" ဟု အဖန်တလဲလဲ ပြောဆိုနေခြင်းနှင့် အတူတူပင် ဖြစ်ကြောင်း၊ မိမိအား ဆရာဝန်များနှင့် ဆေးဝါးကုသသော်လည်း အချည်းနှီးမျှဖြစ်၍ သား ခင်မောင်ကြီးကို ပြန်မတွေ့သမျှ ကာလပတ်လုံး အိပ်နိုင်၊ စားနိုင်မည်လည်း မဟုတ်။ မအိပ်နိုင်၊ မစားနိုင်သောကြောင့် ခွန်အားဆုတ်ယုတ်၍ သေရလျှင်လည်း သားနှင့် ကွေကွင်း၍ ဆင်းရဲငြိုငြင်စွာ နေထိုင်ရခြင်းတည်းဟူသော ဝဋ်မှ ကျွတ်လွတ်ခြင်းမျှသာ ဖြစ်သောကြောင့် မိမိကဝမ်းသာကြောင်းများနှင့် ငိုယိုကာ ပြန်ပြောလေ့ရှိလေ၏။

ဦးကျော်ဒွန်းသည် ဇနီးဖြစ်သူ၏စကားမှာ မာယာပရိယာယ်

mgyoe.com

mgyoe.com


ဖြင့် ချဲ့ထွင်ပိုမောက်၍ ပြောခြင်းမဟုတ်၊ အကယ်သဘော ဖြစ်ကြောင်းကို မျက်မြင်ကိုယ်တွေ့ ဖြစ်လေရကား မယားဖြစ်သူအတွက် စိုးရိမ်ပူပန်ခြင်းဖြစ်သည်နှင့် သတင်းစာ အစောင်စောင်တို့တွင် ပျောက်နေသူ ခင်မောင်ကြီး၏အကြောင်းကို ထည့်သွင်းကြော်ငြာ၍ မိခင်ဖြစ်သူမှာ ခင်မောင်ကြီးအတွက် ရင်ကွဲနာကျလျက်ရှိကြောင်း၊ အကယ်၍ ခင်မောင်ကြီးက မိဘများထံ ပြန်လာခဲ့ပါလျှင် ယခင်က ထွက်သွားသည့်အတွက်ကြောင့် အပြစ်မတင်ဘဲ ရှေးကထက် တိုး၍ပင် ချစ်ခင်ကြင်နာခြင်း ရှိကြမည်ဖြစ်ကြောင်း၊ ဖခင်ဖြစ်သူကလည်း သားကြီးအား ဆိုမိ၊ ပြောမိသော စကားများကို ပြန်လည် ရုပ်သိမ်းမည့်ပြင် နောင်တတရားရကြောင်းနှင့် သားကိုပင် ဝန်ချတောင်းပန်ဦးမည်ဖြစ်ကြောင်းများနှင့် စုံလင်စွာ ရေးသားထည့်သွင်း ဖော်ပြလေ၏။

သို့ရာတွင် ခင်မောင်ကြီးမှာ အစွဲအမှတ်နာသော လူတစ်ယောက်ဖြစ်သောကြောင့် မိဘရပ်ထံသို့ ပြန်လည် လာရောက်ခြင်း မပြုဘဲ မိမိမှာ မိခင်၏မေတ္တာကြောင့် ကျန်းမာချမ်းသာစွာ ရှိနေကြောင်းနှင့်သာလျှင် စာတစ်စောင် ရေးသားပြန်ကြားလိုက်လေ၏။ ခင်မောင်ကြီးသည် စာအိတ်တွင် စာတိုက်မှ ရိုက်နှိပ်သောတံဆိပ်ကို ခြေရာခံ၍ မိဘများ လိုက်လာကြမည်စိုးသောကြောင့် ထိုစာကို ရေးပြီးလျှင် စာအိတ်တွင်လိပ်တပ်၍ ထည့်သွင်းပြီးနောက် မြစ်ကြီးနားမြို့ရှိ မိတ်ဆွေတစ်ယောက်ထံ ပေးပို့၍ မြစ်ကြီးနားစာတိုက်မှ ထည့်လိုက်စေခြင်း ဖြစ်လေ၏။ သို့ဖြစ်၍ ခင်မောင်လေးတို့သည် စာအိတ်တွင် မြစ်ကြီးနား စာတိုက်တံဆိပ် တွေ့ရှိရသော်လည်း ခင်မောင်ကြီး၏ ပရိယာယ်ကို ရိပ်မိသဖြင့် ထိုမြို့သို့ လိုက်လံစုံစမ်းခြင်း မပြုမလုပ်ခဲ့ကြချေ။

မင်းကတော် ဒေါ်သန်းတင်သည် ခင်မောင်ကြီးထံမှ စာကို

mgyoe.com

mgyoe.com

ရှိသောအခါ၌ သား၏ ကျန်းမာကြောင်းကို သိရှိရပြားသော်လည်း သား၏မျက်နှာကို မြင်ရဖို့မှာမူ မျှော်လင့်ဖွယ်ရာ မရှိတော့သည် ဖြစ်ရကား ယခင်ကထက်ပင် တစ်နေ့တခြား အစားအသောက် ဆုတ်ယုတ်ခဲ့ပြန်သည်ဖြစ်သောကြောင့် စာရပြီးသည့်နောက် တစ်လခန့် အတွင်း၌ပင် သား၏စိတ်နှင့် ဘဝတစ်ပါး ပြောင်းသွားရရှာလေ တော့၏။

ခင်မောင်ကလေးသည် မိခင်၏ ရျာပနကိစ္စသို့ ခင်မောင်ကြီး လာရောက်စေခြင်းငှာ သတင်းစာများမှ အစ်ကိုအား ဖိတ်ကြားခေါ်ငင် ပါသော်လည်း ခင်မောင်ကြီးသည် မိခင်၏ရျာပနအတွက် ငွေ ၃၀၀ ကျပ်ကို စာထည့်သည့်နည်းတူ မြစ်ကြီးနားမြို့မှ တင်ပို့လိုက်ခြင်းမှ တစ်ပါး လူကိုယ်တိုင်မူကား လာရောက်ခြင်းမရှိချေ။ ဖခင်ဦးကျော်ဒွန်း သည် ဒေါ်သန်းတင် မကွယ်လွန်မီအခါက ခင်မောင်ကြီးအပေါ်၌ ကျပ် တည်းစွာ မြည်တွန်ဆိုးမမိခြင်းအတွက် နောင်တရဟန် လက္ခဏာ ရှိသော်လည်း မိခင် သေဆုံးကြောင်း သိပါလျက်နှင့် လူကိုယ်တိုင် မလာရောက်သော သား ခင်မောင်ကြီးအား ထပ်လောင်း၍ မျက်မာန် ပွားပြီးလျှင် မိခင်ကို သတ်သောသားဟူ၍ သဘောထားလျက် ထိုနေ့ မှစ၍ ခင်မောင်ကြီး၏အကြောင်းကို စကားစပ်၍မျှမပြောစေရန် ခင်မောင်ကလေးအား ပိတ်ပင်တားမြစ်ခဲ့လေ၏။

ဒေါ်သန်းတင် သေဆုံးပြီးသည့်နောက်၌ ဦးကျော်ဒွန်းသည် လောက၌ အသက်ရှင်၍ နေရခြင်းကိုပင် ငြီးငွေ့ဟန် လက္ခဏာနှင့် တမှိုင်မှိုင် တတွေတွေ ရှိနေခဲ့ပြီးလျှင် ဖခင်၏ အရိပ်အကဲကိုကြည့်၍ ကြင်နာယုယစွာ ပြုစုစောင့်ရှောက်လျက်ရှိသော သား ခင်မောင်ကလေး အားပင်လျှင် စိတ်တိုသော အမူအရာနှင့် မာန်မဲကြိမ်းမောင်းခြင်း ပြုတတ်သည်ဖြစ်ရာ ခင်မောင်ကလေးမှာမူ လိမ္မာသောသား ဖြစ်သည့်

mgyoe.com

mgyoe.com


အလျောက် မိမိအား အပြစ်မရှိဘဲလျက်နှင့် မည်မျှပင် ငေါက်အောက် မာန်မဲခြင်း ပြုစေကာမူ ဖခင်၏ နှလုံးမသာယာသော အဖြစ်ကို ထောက်ညှာလျက် တိုး၍ပင် ကြင်နာစွာ ပြုစုစောင့်ရှောက်ခဲ့လေ၏။

တစ်ခါတစ်ရံ၌မူ ဦးကျော်ဒွန်းသည် မိမိ၏ အကြောင်းမဲ့ စိတ်တိုခြင်းနှင့် သား ခင်မောင်ကလေး၏ စိတ်ရှည်စွာ သည်းခံခြင်းတို့ကို စဉ်းစားမိသည်ဖြစ်၍ နောင်တကြီးရလျက် "ဖေဖေ စိတ်မကောင်း လွန်းလို့ပါ သားရယ်၊ ဖေဖေလည်း သေလုပါပြီ၊ သည်းခံပါနော် ငါ့သား" ဟု မျက်ရည်များလည်လျက် ပြောရာတွင် ခင်မောင်ကလေးက "ဖေဖေက ဘယ်လိုပင် အော်ပေငေါက်ပေမယ့် ဖေဖေက ကျွန်တော့်ကို အသက် လောက်မက ချစ်ခင်တယ်ဆိုတာ ကျွန်တော် သိပြီးပါ ဖေဖေ။ ဒါကြောင့် အော်ငေါက်ရုံမကလို့ ခြေထောက်နဲ့ ကန်စေဦးတော့ ကျွန်တော် သည်းခံ ဖို့ အဆင်သင့်ရှိပါတယ် ဖေဖေ"ဟု ပြန်ပြောသောအခါ ဦးကျော်ဒွန်းမှာ မျက်ရည်များ စီးကျလာလျက် "ဒီသားလို သားများ လူ့ပြည်မှာ ရှိ သေးရဲ့လားလို့ ဖေဖေ မေးဝံ့ပါရဲ့ သားကြီးရယ်"ဟု ဝမ်းမြောက်စွာ ပြန်ပြော ၍ ခင်မောင်ကလေး၏ ပခုံးနှစ်ဖက်ကို ကိုင်လှုပ်လေ၏။

❑

mgyoe.com

mgyoe.com

## အခန်း [ ၃ ]

ပဲခူးမြို့ လိပ်ပြာကန်ရပ်ကွက်သည်ကား အငြိမ်းစား မြန်မာအရာရှိကြီးများ နေထိုင်ရာ ရပ်ကွက်ဖြစ်သဖြင့် အိမ်ကြီးအိမ်ကောင်းများ ပေါများလှပေသည်ဖြစ်ရာ ဥယျာဉ်ပန်းမန်တို့ဖြင့် လှပတင့်တယ်စွာ ခြံရံလျက် အခြားသော အိမ်များထက် အထူးကြီးမားခံ့ညားသော တိုက်ခံအိမ်ကြီးတစ်လုံး၏ ဝင်းတံခါး၌ ဦးချစ်ခိုင်ဟူသော အမည်ကို ကြေးဝါဆိုင်းဘုတ်ဖြင့် ဆွဲကပ်ထားသည်ကို တွေ့မြင်ကြရပေလိမ့်မည်။ ကျယ်ဝန်းလှစွာသော ဝင်းခြံကြီးအတွင်း၌ သပ်ရပ်တင့်တယ်စွာ စိုက်ပျိုးထားသော အင်္ဂလိပ် ရာသီပန်းများနှင့် သေသပ်စွာ ကိုက်ညှိထားသော ပန်းစည်းရိုး၏ အခြေအနေကို ထောက်ချင့်ခြင်းအားဖြင့် အနည်းဆုံး မာလီကုလားနှစ်ယောက်မျှ ငှားထားရမည် အကြောင်းကို ခန့်မှန်းဖွယ်ရာ ရှိသည်ဖြစ်ရာ ပြတင်းပေါက်များ၌ တပ်ဆင်ထားသည့် ပိုးတွန့်သရက်ထည် ခန်းဆီးများ၏ လှပခြင်းကို လည်းကောင်း၊ ကားရုံထဲ၌ ဆိုက်ထားသည့် ဆီဒင်ကားသစ်ကြီး၏ ခံ့ထည်ခြင်းကို လည်းကောင်း၊ လမ်းကလေးများ နံဘေး၌ စိုက်ထားသော လမ်းလျှောက်ပင်များ၏ သပ်ရပ်ခြင်းကို လည်းကောင်း အိမ်ပြင်မှ ရှုမျှော် ခန့်မှန်းရမည်ဆိုသော်

mgyoe.com

mgyoe.com

ဧင်းအိမ်ရှင်သည် ဤမြို့၌ အထက်ဆုံးတန်းမှ ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည် ဟူ၍ ရဲဝံ့စွာ ထွက်ဆိုနိုင်လောက်ပေ၏။

အိမ်တွင်းသို့ ဝင်၍ ကြည့်ပြန်သောအခါ၌လည်း ခန့်မှန်းခြေထက် ယုတ်လျော့ဖို့ မရှိသည့်ပြင် တိုး၍ပင် အထင်အမြင်ကြီးဖွယ်ရာများကို တွေ့မြင်ရပေလိမ့်မည်။ ထိုအိမ်၏ အောက်ထပ်၌ရှိသော ဆင်ဝင်သည် ဧည့်ခန်းအတွက် ပြင်ဆင်ထားသည်ဖြစ်ရာ စပရိန်များ တပ်ဆင်၍ ဖဲကတ္တီပါဖြင့် လွှမ်းအုပ်ထားသည့် ဆိုဖာကြီးများ၊ ခန်းလုံးပေါက် သိုးမွေးကော်ဇောကြီးများ၊ အရောင်တဖိတ်ဖိတ်တောက်လျက်ရှိသော စားပွဲမှန်ဗီရို အစရှိသည့် အိမ်ထောင်မှုများ၊ နံရံ၌ မှီကပ်၍ထားသော စန္ဒရားသစ်ကြီး၊ သံပတ်ဖြင့်မဟုတ်ဘဲ ချိန်းသံကြိုးဖြင့် သော့ပေးရ၍ လူတစ်ရပ်မက မြင့်မားလှသော နာရီကြီး အစရှိသည့် အသုံးအဆောင် အခင်းအကျင်းများသည် အိမ်ရှင်၏ ဓနဥစ္စာ ကုံလုံ ကြွယ်ဝခြင်းတည်း ဟူသော အခြေအနေကို ဟစ်အော်ကြွေးကြော်နေဘိသကဲ့သို့ ရှိချေ၏။

ဧင်းဧည့်ခန်းနှင့် မြှောင်လျက်ရှိသော အခန်းငယ်သည်ကား အိမ်ရှင်၏ အလုပ်လုပ်ရာဖြစ်သော အခန်းဖြစ်လေရာ ကျွန်ုပ်တို့ ရေးသားဖော်ပြလျက်ရှိသော အချိန်အခါ၌ အိမ်ရှင်ပွဲစားကြီး ဦးချစ်ခိုင်သည် ဂိုးလ်တော့ခေါ်အဖုံးကို ဖွင့်ပိတ်၍ရသော စားပွဲကြီး၌ ချာလပတ်လှည့်၍ရသော ကုလားထိုင်မျိုးဖြင့် ထိုင်ကာ စာများကို လက်နှိပ်စက်ကလေးဖြင့် ရိုက်နှိပ်လျက် ရှိလေ၏။ စာသုံးစောင်မျှ ရိုက်နှိပ်ပြီးစီးလေလျှင် ဦးချစ်ခိုင်သည် စာများကို လက်မှတ်ထိုး၍ စာအိတ်တွင် အသီးသီး ထည့်ပြီးနောက် စာအိတ်ပေါ်၌ မိမိ၏အမည်ကို လက်နှိပ်စက်ဖြင့် လိပ်တင်လေ၏။

ထို့နောက် စားပွဲပေါ်၌ တင်ထားသော ခေါင်းလောင်းကလေးကို နှိပ်လိုက်ရာတွင် အသက် ၂၀ ခန့်ရှိ၍ ကောလိပ်ကျောင်းသား

mgyoe.com

mgyoe.com


မသာရအောင် ဆံပင်ကို သပ်ရပ်စွာဖြီးလျက် ဖြူစင်သော အပေါ်ဝတ် အင်္ကျီကို အသီးစေ့၄အောင် တပ်ထား၍ ပြောင်လက်သော ဖဲပိုး လုံချည်ကို ဝတ်ထားသည့် သူငယ်တစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာလေ၏။ ဦးချစ်ခိုင်သည် ယခင်က စာအိတ်သုံးလုံးနှင့် (ဗစ်ဇစ် တင်းကတ်)ခေါ် ကားချပ်ကလေးတစ်ခုကို အစေခံ၏လက်သို့ ပေးအပ် လျက် . . .

"ဘသော်"

"ဆရာကြီး ခင်ဗျား"

"တော်တော်ကြာတော့ အရပ်မြင့်မြင့်နဲ့ အသက် ၄၀ လောက် ရှိတဲ့ လူကြီးတစ်ယောက် ငါ့ဆီ လာလိမ့်မယ်။ ဧည့်ခန်းမှာ သူနဲ့ ငါနဲ့ စကားပြောနေတုန်း မင်းက ဒီစာတွေကို တစ်စောင်ပြီးတစ်စောင် ငါ့ဆီ ဝင်ပေး။ နားလည်လား"

"ကောင်းပါပြီ ဆရာကြီး ခင်ဗျား"

"သူ ပြန်သွားတဲ့နောက် ချစ်တီးကုလားတစ်ယောက် လာ လိမ့်မယ်။ ချစ်တီးနဲ့ ငါနဲ့ စကားပြောနေတုန်း အဲဒီ ကတ်ကလေးကို ငါ့ဆီ ဝင်ပေး၊ နားလည်လား"

"ကောင်းပါပြီ ဆရာကြီး ခင်ဗျား"

"ကိုင်း . . . သွားတော့"

အစေခံ ထွက်သွားသောအခါ ဦးချစ်ခိုင်သည် အလုပ်ခန်းမှ ထလာ၍ ဧည့်ခန်းသို့အကူးတွင် မှန်ဗီရိုရှေ့၌ ရပ်တန့်၍ များစွာ ကျေနပ်သော အမူအရာနှင့် မိမိ၏အရိပ်ကို ကြည့်လျက်ရှိလေ၏။

ဦးချစ်ခိုင်မှာ နှုတ်ခမ်းနှင့် စား မထိရသေးမီ အမည်ကို ဦးတပ်၍ ခေါ်နေကြသောခေတ် ဖြစ်သဖြင့် ဦးချစ်ခိုင်ဟူသော အမည်ဖြင့်

mgyoe.com

တွင်လျက်ရှိငြားသော်လည်း ၎င်း၏အသက်မှာ ၃၀ မျှ မပြည့်သေးချေ။ အသား မဖြူမညို၊ အလုံးအရပ် ထောင်ထောင်မောင်းမောင်းနှင့် မျက်ခုံး တုတ်တုတ်၊ မျက်လုံးပြူးပြူးရှိ၍ လူချောလူလှကြီး မဟုတ်စေကာမူ ကြည့်၍ကောင်းသည်ဟု ဆိုရလောက်သော လူတစ်ယောက်ဖြစ်လေရာ ၎င်း၌ ထူးခြားသော အရည်အချင်းတစ်ခုမှာ ၎င်းအား မြင်ရသော လူအပေါင်းတို့သည် ဤလူကား ပြောဝံ့ဆိုဝံ့၊ ကြံဝံ့ စည်ဝံ့၊ လုပ်ဝံ့ ကိုင်ဝံ့ သော လူတစ်ယောက်ဖြစ်၍ ပြောဆိုကြံစည် လုပ်ကိုင်သမျှတို့၌ နောက်မဆုတ်တန်း သဘောထားလျက် စွဲစွဲမြဲမြဲ ဖွဲ့သတ္တိကောင်းမည့် လူတစ်ယောက်ဟူ၍ ယုံကြည်စိတ်ချရခြင်းပင် ဖြစ်ချေသည်။

ဦးချစ်ခိုင်နှင့် မျက်နှာချင်းဆိုင်မိသော လူများသည် ၎င်းနှင့် ဆန့်ကျင်ဘက်မပြုမိ ကြိမ်ဖန်များစွာ စဉ်းစားကြမည်သာလျှင် ဖြစ်ချေ သည်။ တရုတ် ပိုးဘောင်းဘီ ပွပွကြီးနှင့် ဘလေဇာကွတ်ကိုဝတ်လျက် ဆေးတံကိုခဲကာ မှန်ထဲ၌ ပေါ်ထွက်နေသော မိမိ၏အရိပ်ကို မြင်ရ သောအခါတွင် ဦးချစ်ခိုင်သည် မိမိ၏အစွမ်းကို သိသဖြင့် ကျေနပ် ဟန် လက္ခဏာ ရှိချေသည်။

ထိုခဏ၌ အိမ်ရှေ့မှ မော်တော်ကားတစ်စီး ဆိုက်ရောက် လာသည်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ဦးချစ်ခိုင်အကြောင်း ရေးသားဖော်ပြခြင်းကို ခေတ္တမျှ ရပ်ဆိုင်းထားပြီးလျှင် ဦးချစ်ခိုင်နှင့် အတူ ဧည့်ခန်းသို့ လိုက်ကြပေဦးအံ့။

ဦးချစ်ခိုင်သည် ဧည့်သည်ကို နှုတ်ဆက်ပြီးနောက် ၎င်း၏ ထုံးစံအတိုင်း ဧည့်သည်ကို အလင်းဘက်သို့ လှည့်ခင်းထားသော ကုလားထိုင်၌ ထိုင်စေ၍ မိမိကိုယ်တိုင် အမှောင်ဘက်သို့ လှည့်ခင်း ထားသည့် ကုလားထိုင်တွင် ထိုင်လေ၏။ ဤသို့ စီမံထားခြင်းအားဖြင့် ဦးချစ်ခိုင်သည် ဧည့်သည်များ၏ မျက်နှာထား ပြောင်းလဲခြင်းများကို

mgyoe.com

mgyoe.com


ချက်ချင်း သိမြင်နိုင်၍ မိမိ၏ မျက်နှာကဲကိုမူ ဧည့်သည် များ ရုတ်တရက် မရိပ်မိနိုင်ဘဲ ရှိလေသည်။ ငွေအမြောက်အမြား ရင်းနှီးလုပ်ကိုင်သည့် အလုပ်ကြီးသမားများ၌ ထိုစီမံချက်၏ အရေးကြီးခြင်းကို ဦးချစ်ခိုင် နားလည်၍ ၎င်း၏အကျိုးကျေးဇူးကိုလည်း ခံစားရဖန် များခဲ့လှချေပြီ။

ဧည့်သည်မှာ ဖြူးမြို့မှ မြေပိုင်ရှင်သူဌေး ဦးမင်းဟန် ဖြစ်လေရာ အမျိုးသား အသက်အာမခံ ကုမ္ပဏီကြီးတစ်ခု ဖွင့်လှစ်ရန်ကိစ္စတွင် ဦးချစ်ခိုင်က ဓနဥစ္စာပေါများသောသူများကို ဆွယ်လျက်ရှိစဉ် ဦးမင်းဟန် သည် ဦးချစ်ခိုင်၏ အခြေအနေကို စုံစမ်းရန်အတွက် လာရောက်ခဲ့ခြင်း ဖြစ်လေ၏။

ဦးမင်းဟန်သည် ဦးချစ်ခိုင်၏ အနေအထိုင်ကို တွေ့မြင်ရခြင်း အားဖြင့် ကျေနပ်တန်သရွေ့ ကျေနပ်လျက်ရှိပြီဖြစ်သော်လည်း ယခု လတ်တလောတွင်မှ နာမည်ကြီး၍ လာခဲ့သူတစ်ယောက်ဖြစ်သောကြောင့် အနွယ်အဆက်မှစ၍ အခြေအနေ ခိုင်လုံသူတစ်ယောက် ဟုတ်ပါလေ ၏လောဟု ယုံမှားခြင်း မကင်းသေးအောင် ရှိနေလေ၏။ သို့ဖြစ်၍ ဦးချစ်ခိုင်သည် အသက်အာမခံ ကုမ္ပဏီလုပ်ငန်း၌ နိုင်ငံခြားသားများ လာပြီး အကျိုးကျေးဇူး ခံစားနေကြ၍ အဘယ့်ကြောင့် မြန်မာပြည် ဖြစ်လျက်နှင့် မြန်မာများ မခံစားထိုက် လေသနည်းဟု အကျယ်တဝင့် ပြောဟောလျက်ရှိစဉ် အစေခံ ဘသော်သည် စာတစ်စောင်ကိုကိုင် လျက် ဝင်လာပြီးလျှင် ဦးချစ်ခိုင်အား ပေးလေ၏။

ဦးချစ်ခိုင်သည် ဧည့်သည်၏အခွင့်ကို တောင်းပြီးနောက် စာကိုဖောက်၍ ဖတ်ရာတွင် စိတ်ရှုပ်သော အမူအရာနှင့် ဦးခေါင်းကို ကုတ်လေ၏။

"တယ်ရှုပ်တဲ့ သူတွေဗျာ၊ သူတို့က ပျော်တာ ဟုတ်ပါရဲ့။ ကျွန်တော်တို့လို အလုပ်များတဲ့ လူတွေက သူတို့ပျော်တိုင်း မလိုက်

mgyoe.com

mgyoe.com


နိုင်တာ ခက်တယ် ခင်ဗျာ။ ဟောဒီမှာ အရေးပိုင်မင်းက ညနေ တင်းနစ် ရိုက်ပွဲကို လာဖြစ်အောင် လာပါတဲ့ ခင်ဗျ"ဟု ပြော၍ စာကို ဦးမင်းဟန်အား ပြလေ၏။

တစ်ခဏမျှ စကားပြောပြီးကြပြန်သော် ဘသော်သည် ဒုတိယ စာတစ်စောင်နှင့် ဝင်လာ၍ ဦးချစ်ခိုင်အား ပေးပြန်လေ၏။ ဦးချစ်ခိုင်သည် စာကို ဖတ်ပြီးနောက် . . .

"အဲဒါမှ ခက်တယ်။ စက်ရှင်မင်းကြီး ဘထော်က ပဲခူးငလျှင် ရန်ပုံငွေအတွက် စီမံပေးစမ်းပါဦးတဲ့ ခင်ဗျ။ ညနေအတွက် လက်ဖက်ရည်သောက် ဖိတ်ထားပြန်ပြီ။ လူတစ်ကိုယ်တည်း နှစ်ကိုယ်ခွဲရမလို ဖြစ်နေပြီ"ဟု ပြော၍ စာကို ဦးမင်းဟန်အား ပြလေ၏။

တစ်အောင့်မျှ ကြာပြန်သော် ဘသော်သည် တတိယစာကို ဝင်၍ ပေးပြန်လေရာ ဦးချစ်ခိုင်သည် အောက်ပါအတိုင်း ဖတ်၍ ပြလေ၏။

> "ရွှေမော်ဓောစေတီတော် ပြင်ဆင်ရေး အတွက် အကြံဉာဏ် ပေးပါရန် ယနေ့ညနေ ဘဏ္ဍာတော်ထိန်း လူကြီးများ၏ အစည်းအဝေးသို့ ဆက်ဆက် ကြွရောက်ပါမည့် အကြောင်း။
>
> (ဦးဖြူ)
>
> ဘဏ္ဍာတော်ထိန်းလူကြီး။

. . . တဲ့ ခင်ဗျ။ ကဲ . . . ခင်ဗျား။ ကောင်းနိုင်သေးရဲ့လား။ သူတို့မှာတော့ ကိုယ့်စည်းစိမ်ကလေးနဲ့ကိုယ် ရောင့်ရဲတင်းတိမ်ပြီး ဝါးလုံးခေါင်းထဲ လသာချင်တဲ့ လူတွေမို့လို့ ကိစ္စမရှိဘူး၊ ဆောင်ရွက်နိုင်တယ်။

mgyoe.com

mgyoe.com

ကျွန်တော်တို့လို နိုင်ငံခြားသားတွေနဲ့ပြိုင်ပြီး ကြီးပွားချင်တဲ့ လူများ အဖို့တော့ ခက်တယ် ခင်ဗျာ" စသည်ဖြင့် ညည်းညူလေလျှင် ဦးမင်းဟန် ၏ စိတ်ထဲ၌ ယခင်ကရှိနေသော ဒွိဟသံသယများသည် အလျဉ်း ကင်းရှင်း၍ ဤလူသည်ကား အလုပ်ကြီး အကိုင်ကြီး၌ တွဲဖက်၍ လုပ်ထိုက်သော လူတစ်ယောက်ပေတည်းဟု စိတ်နှလုံး၌ ဒုန်းဒုန်းချ ပြီးလျှင် ရှေ့အဖို့၌ မိမိ၏ အကူအညီလိုသမျှကို စာရေး အကြောင်း ကြားပါမည့်အကြောင်းနှင့် မှာထား၍ ပြန်သွားလေ၏။

ဦးမင်းဟန် ပြန်သွားပြီးသည့်နောက် ဦးချစ်ခိုင်သည် ဆိုဖာ ကြီးပေါ်တွင် စည်းစိမ်ကြီးသော အမူအရာနှင့် ကိုယ်ကို ပစ်လှဲလျက် မိမိ၏စီမံချက် အထမြောက်သည့်အတွက်ကြောင့် ကျေနပ်နေဟန် လက္ခဏာနှင့် ဆေးတံကိုမှိန်း၍ ခဲနေရာ အရေးပိုင်ထံမှ စာသည် လည်းကောင်း၊ စက်ရှင်မင်းကြီး ဘသော်ထံမှ စာသည် လည်းကောင်း၊ ရွှေမော်ဓောစေတီတော်ကြီး၏ ဘဏ္ဍာတော်ထိန်း လူကြီးမင်းထံမှ စာသည် လည်းကောင်း အစစ်မဟုတ်ဘဲ ၎င်းကိုယ်တိုင် စီကုံးရေးသား ထားသော စာများဖြစ်သည့် အကြောင်းကိုမူ ဖတ်ရှုသူတို့ တွေးတော သိရှိပြီး ဖြစ်ပေလိမ့်မည်။

တစ်ခဏမျှ ကြာပြန်သောအခါ ချစ်တီးကုလား၏ ဖွတ်ကား စုတ်ကလေးတစ်စီး ဆိုက်ရောက်လာလေရာ ဦးချစ်ခိုင်သည် ကိုယ် တုံးလုံးနှင့် ကားစုတ်ကိုစီးသော ချစ်တီးပင် ဖြစ်သော်ငြားလည်း ငွေထုတ်နိုင်သော လူမျိုးဖြစ်သဖြင့် လောကဝတ် ကျေပွန်စွာ နှုတ်ဆက် ဧည့်ခံလေ၏။ ဦးချစ်ခိုင်သည် မိမိ၏ နာမည်နှင့် ဘဏ်တိုက်တွင် ကြေးငွေ အတော်အတန် စုဆောင်းပြီး ရှိနေသော်လည်း ဦးမင်းဟန် တို့ကဲ့သို့သော မြေပိုင်ရှင်ကြီးများနှင့် ဖက်စပ်၍ အလုပ်ကြီး လုပ်ကိုင် သည့်အခါတွင် ချစ်တီးများထံမှ ရံဖန်ရံခါ ကြေးငွေချေးငှားရန် လိုမည့်
mgyoe.com

mgyoe.com


အကြောင်းကို သိရှိသည်ဖြစ်၍ အရေးမကြီးလှသော ကိစ္စလေးတစ်ခုကို ရိုးမယ်ဖွဲ့ပြီးလျှင် ချစ်တီးကို ဖနောင့်သို့ဖိတ်ကြား၍ မိမိ၏အခြေအနေကို ပြသခြင်း ဖြစ်ချေသည်။

ဦးချစ်ခိုင်သည် မန္တလေးမြို့၌ရှိသော မိတ်ဆွေတစ်ယောက်ထံ ငွေ ၁၀၀၀ ကျပ်ကို ဟွန်ဒီလွှဲခြင်းကိစ္စပြီးစီး၍ ချစ်တီးနှင့်အတူ ထိုင်လျက် အိန္ဒိယပြည်နှင့် မြန်မာပြည် ခွဲရေးတွဲရေးကိစ္စကို ဆွေးနွေးလျက်ရှိကြစဉ် ဘသော်သည် အခန်းတွင်းသို့ဝင်လာ၍ ကားချပ်ကလေးတစ်ခုကို ဦးချစ်ခိုင်လက်သို့ ပေးအပ်လေ၏။ ဦးချစ်ခိုင်သည် ကားချပ်တွင် ရေးသားထားသော စာကို ဖတ်ကြည့်ပြီးနောက် . . .

ရန်ကုန်မြို့က ကုလားမင်းတိုင်ပင်အမတ် မစ္စတာဆင်းက ယခုပင် ဆိုက်ရောက်တဲ့အကြောင်း၊ ညနေမှာ ခွဲရေးတွဲရေးနှင့် ပတ်သက်၍ ဆွေးနွေးဖို့ ကျွန်တော့်ထံ အလည်လာမည့်အကြောင်း စာရေးပေးလိုက်တယ်ဗျဟု ချစ်တီးအား လှမ်း၍ ပြောလေရာ မြို့ကလေးများမှ အိန္ဒိယတိုင်းသားများသည် ရန်ကုန်မြို့ကြီးပေါ်၌ နေထိုင်လျက်ရှိသော မင်းတိုင်ပင်အမတ် အစရှိသည့် မိမိတို့ တိုင်းရင်းသားများအပေါ်၌ အထင်အမြင်ကြီးပြီး ဖြစ်သောကြောင့် မစ္စတာဆင်းကဲ့သို့သော ပုဂ္ဂိုလ်က ဆွေးနွေးရန် လာရောက်မည်ဆိုခြင်းမှာ သာမည လူတစ်ယောက် မဟုတ်နိုင်ဟူ၍ ခန့်မှန်းချက် ထုတ်လေ၏။

၎င်းကားချပ်မှာ ကျွန်ုပ်တို့သိရှိပြီးဖြစ်သည့်အတိုင်း ဦးချစ်ခိုင် စီစဉ်ထားသော ကားချပ်ဖြစ်လေရာ ဦးချစ်ခိုင်၏ လက်ဝယ်၌ တရားဝန်ကြီးများ၊ ငါးထောင်စားများ၊ မင်းတိုင်ပင်အမတ်များ၊ အစိုးရအရာရှိကြီးများ၏ ဗစ်ဇစ်တင်းကတ်ခေါ် ကားချပ်ကလေးများမှာ တစ်ခုစီ၊ နှစ်ခုစီ စသည်ဖြင့် စုဆောင်းပြီး ရှိခဲ့သည်ဖြစ်၍ သူ့နေရာနှင့်သူ လိုက်လျော်အောင် ဖန်တီး အသုံးပြုလေ့ ရှိလေသည်။

mgyoe.com

mgyoe.com


ဝတ်လုံတစ်ယောက် ရှိနေသောအခိုက်၌ တရားဝန်ကြီးတစ်ယောက်၏ ကားချပ်သည် ငွေတစ်ထောင်ဖိုးမက မျက်နှာကြီးလှသည်ဖြစ်ရာ ဝန်ထောက်တစ်ယောက်၏ ရှေ့၌လည်း အရေးပိုင်တစ်ယောက်၏ ကားချပ်သည် စာတစ်စောင်ဖြင့် ထောက်ခံခြင်းကဲ့သို့ အရေးပါအရာရောက် လာချေသည်။ ဦးချစ်ခိုင်သည် အစေခံအချင်းချင်းအားဖြင့် ၎င်းကားချပ်များကို စုဆောင်းစေ၍ အချက်ကောင်း ပေါ်ပေါက်သည့်အခါတိုင်း ဤနည်းကို အသုံးပြုခြင်းအားဖြင့် အထက်တန်းစားလူကြီးများနှင့် သိကျွမ်းသော အခြေအနေသို့တိုင် ရောက်ခဲ့ခြင်းဖြစ်ချေသည်။

ဦးချစ်ခိုင်သည် တွဲရေးဆန္ဒရှိသည့် ချစ်တီး၏သဘောကို သိပြီးဖြစ်သည့်အတိုင်း ခွဲခွာခြင်း၏ အပြစ်များနှင့် တွဲခြင်း၏ အကျိုးကျေးဇူးများကို နှုတ်လျှာ သွက်လက်စွာနှင့် ပြောပြလေရာ ချစ်တီး၏စိတ်၌ ဤသူသည်ကား အိန္ဒိယတိုင်းသား ကုလားလူကြီး လူကောင်းများနှင့် သိကျွမ်းသည့်ပြင် တိုင်းရေးပြည်မှု၌လည်း ကျွမ်းကျင်နားလည်သူတစ်ယောက် ဖြစ်ကြောင်းနှင့် စွဲမှတ်လျက် ပြန်သွားလေ၏။

❑

mgyoe.com

mgyoe.com

## အခန်း [ ၄ ]

ချစ်တီး ပြန်သွားသည့်နောက် ဦးချစ်ခိုင်သည် ဆိုဖာကြီးပေါ်တွင် ပက်လက်လှန်လျက် ဆေးတံကိုခဲရင်း စဉ်းစားစိတ်ကူးလျက်ရှိရာ ၎င်း၏မျက်နှာကို ကြည့်ခြင်းအားဖြင့် စိတ်ကူးများမှာ ကိုယ့်ကိုယ်ကိုယ် ကျေနပ်သော စိတ်ကူးမျိုးဖြစ်ကြောင်း ထင်ရှားလှချေ၏။ ကျေနပ်လျှင်လည်း ကျေနပ်လောက်ပါပေသည်။ အကြောင်းကိုဆိုသော် ဦးချစ်ခိုင်သည် လွန်ခဲ့သော လေးနှစ်ခန့်အခါက တစ်လလျှင် ၁၂ ကျပ်မျှ ပေးရသော အခန်းစုတ်ကလေးတွင်နေရ၍ တစ်နပ်လျှင် ခြောက်ပြားမျှသော တရုတ်ထမင်းဆိုင်က အာဟာရဖြင့် ကျေနပ်ခဲ့ရသည်ဖြစ်ရာ တစ်ခါတစ်ရံ ထို ခြောက်ပြားမျှသော ပိုက်ဆံကိုပင် မရှာကြံနိုင်သည်ဖြစ်၍ ရှပ်အင်္ကျီနှစ်ထည်အနက်မှ တစ်ထည်ကို ဖွပ်လျှော်ပြီးလျှင် အပေါင်ဆိုင်တွင် လေးပဲမျှနှင့် ပေါင်နှံ၍ ည မနက် ထမင်းကို တစ်ထပ်တည်းနှင့် တင်းတိမ်ခဲ့ရဖူးလေသည်။

ဦးချစ်ခိုင်သည် ရန်ကုန်မြို့ကြီး၌ လခစား အလုပ်ကလေးကို တစ်နေ့ပြီးတစ်နေ့ ဆက်လက်၍ ရှာခဲ့ရာ နောက်ဆုံး၌ မိမိ၌ရှိသော အဝတ်အစားများကို ပေါင်နှံရောင်းချ၍ အိမ်လခ ပေးလိုက်ရသဖြင့်

mgyoe.com

mgyoe.com


တစ်ပြားတစ်ချပ်မျှ မကျန်တော့သည့်တိုင်အောင် အလုပ်အကိုင် ရှာကြံ၍ မရခဲ့သေးချေ။ တစ်နေ့သ၌ အိမ်လခ မပေးနိုင်သည့်အတွက် ကြောင့် ဦးချစ်ခိုင်သည် မိမိ၏အိမ်ခန်းသို့ မပြန်တော့ဘဲ ဘိန်းခန်း တစ်ခန်း၌ စိတည်းချလျက်ရှိစဉ် ဘိန်းခန်းရှင် ထောင်ကဲသည် ဦးချစ်ခိုင်၏ ပါးနပ်ဟန်ရှိသော အင်္ဂါရုပ်နှင့် အလုပ်အကိုင် မရှိသည့်အဖြစ်ကို မြင်သည်နှင့် ငွေရပေါက်နည်းလမ်းတစ်ခုကို အကြံပေးလေ၏။ ၎င်းအကြံမှာကား ရန်ကုန်မြို့မှ ဘိန်းများကို မြို့ကလေး တစ်မြို့သို့ သင်္ဘောလမ်းဖြင့် ဆောင်ကြဉ်းပေးပို့ရန်ဖြစ်လေရာ ဘိန်း တစ်လုံးလျှင် ငွေ သုံးကျပ်နှင့် ဘိန်းဆယ်လုံး ပို့ဆောင်ရန် ဖြစ်ချေသည်။ ငတ်တော့မည့် ဆဲဆဲရှိနေသော ဦးချစ်ခိုင်မှာ ပုလိပ်တို့၏ ဘေးရန်ကို မကြောက်နိုင်ဘဲ ထိုဘိန်း ၁၀ လုံးကို ပို့ဆောင်လေရာ ချောမောစွာ ရောက်ရှိသဖြင့် ငွေ ၃၀ ကျပ် ရခဲ့လေ၏။ ၎င်းငွေ ၃၀ ကျပ် မကုန်မချင်း ဦးချစ်ခိုင်သည် ဘိန်းခန်းသို့မသွားတော့ဘဲ အလုပ်အကိုင် ရှာဖွေပြန်ရာ ငွေကုန်သော်လည်း အလုပ်မရခဲ့သေးချေ။

ဦးချစ်ခိုင်သည် ထိုကဲ့သို့ နှစ်ခေါက်မျှ ဘိန်းများပို့ပေးပြီးသောအခါ ဆိုင်ရှင်တရုတ်သည် ထိုသူ၏ အရည်အချင်းကို သဘောကျ၍ ထိုထက် အကြီးအကျယ် အလုပ်လုပ်ရန် အကြံပေးလေရာ ဦးချစ်ခိုင်လည်း ဇက်ရဲလာပြီဖြစ်သောကြောင့် သဘောတူညီလေ၏။ ၎င်းအကြံမှာမူကား ရှမ်းပြည်သို့တက်၍ ဘိန်းချရန်ဖြစ်လေရာ ဦးချစ်ခိုင်သည် ပါးနပ်သူတစ်ယောက် ဖြစ်သည့်အလျောက် သတင်းပေးသောသူများ ခြေရာမကောက်မိနိုင်လောက်အောင် ရှောင်ကွင်း၍ လာခဲ့ခြင်းအားဖြင့် ဘိန်းအမြောက်အမြားနှင့် ချောမောစွာ ဆိုက်ရောက်လာခဲ့လေ၏။ ၎င်းအခေါက်၌ ဦးချစ်ခိုင်သည် ပေါက်ဖော်ထံမှ ငွေ ၃၀၀ ကျပ် ရရှိခဲ့လေ၏။

mgyoe.com

mgyoe.com


ထိုအခါ၌ ဦးချစ်ခိုင် စဉ်းစားမိသည်မှာ ငါသည် သမ္မာအာဇီဝ ဟုဆိုအပ်သည့် ဖြောင့်မှန်သော နည်းလမ်းဖြင့် အသက်မွေးဝမ်းကျောင်း ရှာမှီးရန် ဖြစ်နိုင်မည့်လက္ခဏာ မရှိတော့ချေ။ ရိုးဖြောင့်သော စိတ်ဆန္ဒဖြင့် အလုပ်အကိုင် ရှာဖွေခဲ့ပါသော်လည်း ရှိပြီးသော ကြေးငွေကလေးသာလျှင် ကုန်ခန်း၍ အလုပ်အကိုင်မူကား မရနိုင်ခဲ့ချေ။ ငါသည် ကောင်းသောနည်းလမ်းဖြင့် အကျိုးပေးမည့် လူတစ်ယောက် မဟုတ်၊ မကောင်းသော နည်းဖြင့်သာလျှင် ထွန်းကားမည့် နိမိတ်လက္ခဏာ ရှိချေသည်။ သို့ဖြစ်၍ ငါသည် ယနေ့မှစ၍ နည်းလမ်းမှန်သည်၊ မမှန်သည်ကို ရွေးချယ်ခြင်း မပြုတော့ဘဲ မြန်မြန်ကြီးပွားမည့် ဖြတ်လမ်းကို လိုက်ချေအံ့တကားဟု သန္နိဋ္ဌာန် ချလိုက်လေ၏။

မောင်ချစ်ခိုင်သည် ဘိန်းခန်းရှင် တရုတ်၏ လမ်းညွှန်ချက်အရ ရှမ်းပြည်၌ ဘိန်းဝယ်ရာဌာနကို သိခဲ့ပြီဖြစ်၍ နောက်တစ် ခေါက်တွင် ပေါက်ဖော်နှင့် စပ်တူချပြီးလျှင် တတိယအခေါက်၌မူ မိမိကိုယ်တိုင် အရင်းအနှီး လက်ကိုင်ရရှိခဲ့ပြီဖြစ်သောကြောင့် မည်သူ နှင့်မျှ ဖက်စပ်၍ မလုပ်တော့ဘဲ တစ်ကိုယ်တည်း ကြံခဲ့လေ၏။ ထိုကဲ့သို့ သုံးခေါက်မျှ ချပြီးခဲ့လေလျှင် မောင်ချစ်ခိုင်မှာ လက်ကိုင် တောင့်သူတစ်ယောက်၏ အခြေအနေသို့တိုင် ရောက်ခဲ့လေပြီ။

သို့ပါသော်လည်း ပါးရည်နပ်ရည်နှင့် ပြည့်စုံလှသော မောင်ချစ်ခိုင်သည် ဤသို့သော အလုပ်မျိုး၌ အခေါက်ခေါက်အခါခါ လုပ်ကိုင်ခဲ့ပါမူ တစ်နေ့နေ့၌ အစိုးရတို့ မိသွားချေမည်မှာ ဧကန်မလွဲ ဖြစ်ချေသောကြောင့် မြန်မာပြည်၌ ပထမတန်း လူတန်းစား၏ အခြေသို့ ရောက်အောင် ရည်ရွယ်ချက်ထားခဲ့သော မောင်ချစ်ခိုင်သည် အကယ်၍ တစ်ကြိမ်တစ်ခါမျှ မိခဲ့ပါလျှင် ထောင်တည်းဟူသော အပြစ်ဒဏ်ကျခံရခြင်းအားဖြင့် ပထမတန်း မဖြစ်နိုင်သော ဆားအန္တရာယ်ကို သိမြင်သည်

mgyoe.com

mgyoe.com


ဖြစ်၍ အမြော်အမြင် ရှိသူတစ်ယောက် ဖြစ်သည့်အားလျော်စွာ လောဘကို ချိုးနှိမ်ပြီးလျှင် တပည့်ကောင်းများကို မွေးမြူ၍ ထိုအလုပ်ကို ကိုယ်တိုင် မလုပ်တော့ဘဲ လူယုံတော် တပည့်များအားသာလျှင် ခိုင်းစေခဲ့လေသည်။

ယင်းကဲ့သို့ ဘိန်းချသောအလုပ်ကို မောင်ချစ်ခိုင်သည် မိမိကိုယ်တိုင်မလုပ်တော့ဘဲ တပည့်များအား စေခိုင်းစေကာမူ ဦးနှောက်မှာ တပည့်များ၏ ဦးနှောက်မဟုတ်။ ဗဟုသုတ အကြားအမြင် များလှ၍ အကြံအဖန်ကောင်းလှသော မောင်ချစ်ခိုင်၏ဦးနှောက် ဖြစ်ချေသောကြောင့် လွတ်မြောက်ခဲ့သည်သာများ၍ အစိုးရအရာရှိများ ဖမ်းမိသော အကြိမ်ပေါင်းကား နည်းလှချေသည်။ ထို့ပြင် ၎င်းအလုပ်မျိုးမှာ အမြတ်အစွန်း များလှသောအလုပ် ဖြစ်ချေသောကြောင့် နှစ်ကြိမ် လွတ်ခဲ့ပါလျှင် တစ်ကြိမ်မျှ အဖမ်းခံရသော်လည်း နစ်နာလှသည် မဟုတ်ချေ။ သို့ဖြစ်၍ ရုံဖန်ရုံခါ အစေခံများလက်ဝယ်၌ လည်းကောင်း၊ ကူလီတန်းစားလူမျိုး၏ လက်ဝယ်၌ လည်းကောင်း၊ ဘိန်း အမြောက်အမြား ဖမ်းဆီးရမိခြင်းများမှာ မောင်ချစ်ခိုင်ကဲ့သို့သော လူမျိုး၏ ပစ္စည်းဖြစ်ကြောင်းကို အစိုးရနှင့်တကွ အများပြည်သူတို့ သိရှိကြငြားသော်လည်း အင်္ဂလိပ်အစိုးရတို့၏ ဥပဒေမှာ တရားခံအား ညှဥ်းပန်းနှိပ်စက်၍ စစ်ဆေးမေးမြန်းခြင်းပြုရန် ထုံးစံမရှိသောကြောင့် ပင်ရင်းဖြစ်သော ပစ္စည်းရှင်မှာ ပစ္စည်းဆုံးရုံးမျှခံရ၍ လက်ဆုပ်လက်ကိုင်မိသော သူသည်သာလျှင် အပြစ်ဒဏ် ခံသွားရလေသည်။

ထို့ပြင် မောင်ချစ်ခိုင်၏ ကောင်းမွန်သော နည်းစနစ်တစ်ခုမှာ မိမိ၏ တပည့်တစ်ယောက်ကို အစိုးရတို့ ဖမ်းဆီးရမိသောအခါတွင် မောင်ချစ်ခိုင်သည် ငွေကို ရေလိုသုံးလျက် ထိုသူ၏ လွတ်မြောက်ရေးအတွက် အကောင်းဆုံးသော ဝတ်လုံများကို ငှားရမ်းခြင်း၊ လာဘ်ထိုး၍

mgyoe.com

mgyoe.com

ဖြစ်နိုင်သောအမှုမျိုး ဖြစ်ခဲ့ပါလျှင်လည်း တရားသူကြီးအား လာဘ်ထိုးခြင်း၊ ကြောက်တတ်သော တရားသူကြီး ဖြစ်ခဲ့ပါလျှင်လည်း လူဆိုးများနှင့် ခြိမ်းခြောက်ခြင်း စသည်ဖြင့် ဆောင်ရွက်၍ ပေးသည်ဖြစ်ရာ အကယ်၍ အပြစ်ဒဏ် ကျခံရပါလျှင်လည်း ထိုသူ၏ သားမယားများအတွက် စိတ်ချရလောက်အောင် အရင်းအနှီးစိုက်ထုတ် ပေးကမ်းလေ့ရှိလေသည်။

ထိုမျှမကသေး၊ ကောင်းမွန်သော နည်းလမ်းတစ်ခု ရှိချေသေး၏။ ၎င်းမှာ အပြစ်ခံရသောသူသည် မိမိ၏ဆရာကား မည်သူမည်ဝါ ဖြစ်သည်ကို တပ်အပ်သေချာ စွပ်စွဲနိုင်လောက်အောင် မသိရသော အချက်ပင် ဖြစ်လေသည်။ ပါးနပ်သော တပည့်များသည် မိမိတို့၏ဆရာကား မည်သူမည်ဝါ ဖြစ်သည်ဟူ၍ ရိပ်မိရုံမျှ ရိပ်မိကြသော်လည်း တရားဥပဒေ ဝင်လောက်အောင် တပ်အပ်သေချာ စွပ်စွဲနိုင်ကြသည် မဟုတ်ချေ။ အပြစ်ခံရသောသူသည် မိမိအတွက် နှင့်တကွ သားမယားများအတွက်ကိုပါ ငွေကုန်ကြေးကျခံ၍ ဆောင်ရွက်ပေးသော ဆရာကြီးအား ကျေးဇူးရှင်ကဲ့သို့ သဘောထားသဖြင့် ဖော်ပြရန် အလိုမရှိသည့်ပြင် အကယ်၍ ထုတ်ဖော်ပြောမည်ဟု သင်္ကာမကင်းဖွယ်ရာရှိသော တပည့်အားလည်း မောင်ချစ်ခိုင်သည် တပည့်အချင်းချင်း သုတ်သင်လိုက်ရန် နည်းလမ်းရှိချေသေး၏။ တစ်ခါက . . .

တပည့်တစ်ယောက်သည် အစိုးရလက်ဝယ်၌ အချုပ်ခံနေ ရစဉ် ဆရာ၏အမည်ကို ဖော်ထုတ်မည်ဟု သတင်းရလေရကား ထိုတပည့်သည် အချုပ်ခန်းအတွင်းတွင် လေနာရောဂါနှင့် သေဆုံးခဲ့လေပြီ။ တပည့်များသည် ထိုသူ၏ သေဆုံးပုံကို အတွင်းသိ သိကြပြီးဖြစ်သောကြောင့် အဖမ်းခံရသောတပည့်သည် ဆရာ၏ အမည်ကို ထုတ်ဖော်၍ပြောရန် အိပ်မက်မျှပင် မမက်ဝံ့ချေ။ စင်စစ်မှာ တပည့် အသီးသီးသည် မိမိအား

mgyoe.com

mgyoe.com

သာစွာဖောက်သည်ဟူ၍ ဆရာက သင်္ကာမကင်း ဖြစ်မည်ကိုပင် စိုးရိမ်တုန်လှုပ်ခြင်း ရှိနေကြလေသည်။

မောင်ချစ်ခိုင်၏ တပည့်စုဆောင်းနည်းမှာ အောက်ပါအတိုင်း ဖြစ်၏။ နာမည်ကျော်ကြားပြီးဖြစ်သော မြန်မာသတင်းစာများတွင် အောက်ပါကြော်ငြာကို အဖိုးအခပေး၍ ထည့်သွင်းလိုက်၏။

သတ္တိကောင်းသူများ အလိုရှိသည်

စွမ်းရည်သတ္တိနှင့် ပြည့်စုံ၍ စွန့်စားခြင်း၌ ဝါသနာပါရှိသော အရွယ်ကောင်း ယောကျ်ားများသည် ဤသတင်းစာမှ ကျေးဇူးပြု၍ ဇောတိကထံ လျှောက်လွှာများ ပေးပို့ပါက အရည်အချင်းအလျောက် လခကောင်းများ ရရှိနိုင်သည်။

မောင်ချစ်ခိုင်သည် မိမိကိုယ်ကို ရုပ်ဖျက်ပြီးနောက် သတင်းစာတိုက်သို့သွား၍ အဖိုးအခနှင့်တကွ ၎င်းကြော်ငြာကို ပေးအပ်ခဲ့လေ၏။ လျှောက်လွှာများ ရောက်လာသောအခါတွင် စုဆောင်း၍ထားရန်ဆိုင်ရာ စာရေးအား မှာထားခဲ့၍ မိမိကိုယ်တိုင် လာရောက်ယူငင်မည့် အကြောင်းနှင့် ပြောထားခဲ့လေ၏။

ယခုခေတ်အခါမှာ အလုပ်အကိုင် ရှားပါးလှသော ခေတ်အခါကြီးဖြစ်လေရကား လခကောင်းကောင်းရမည်ဟူသော ကြော်ငြာကို တွေ့မြင်ရလျှင်ပင် မည်ကဲ့သို့သော အလုပ်မျိုးဖြစ်မည်ကို တွေးတော၍ မနေတော့ဘဲ ဝိုင်းအုံ၍ လျှောက်ကြလေရာ ၁၀ ရက်ခန့်ကြာသဖြင့် သတင်းစာတိုက်သို့ မောင်ချစ်ခိုင် သွားသောအခါတွင် လျှောက်လွှာပေါင်း ၅၀ ကျော်မျှ ရရှိခဲ့လေ၏။

mgyoe.com

mgyoe.com

မောင်ချစ်ခိုင်သည် စာရေးအား ဘောက်ဆူးပေး၍ လျှောက်လွှာများကို မိမိ၏နေအိမ်သို့ ယူသွားလေ၏။ ထိုအခါ၌မူ မောင်ချစ်ခိုင်သည် ရန်ကုန်မြို့ ဘရွတ်ကင်းလမ်း (ဘိုကလေးဈေးလမ်း)၌ တစ်လလျှင် ၇၅ ကျပ်ပေးရသောအခန်းကို ငှားရမ်းနေထိုင်နိုင်ခဲ့လေပြီ။ ၎င်းလမ်းမှာ အများအားဖြင့် ဘိုကပြားများ နေထိုင်သောလမ်း ဖြစ်သဖြင့် မည်သည့်ရုံး၊ မည်သည့်တိုက်၌ အလုပ်လုပ်ကိုင်နေသည်ကို မေးမြန်းစုံစမ်းလေ့ မရှိသော အိမ်နီးချင်းများဖြစ်သောကြောင့် ထိုလမ်းကို ရွေးချယ်နေထိုင်ခဲ့ခြင်း ဖြစ်လေသည်။

မောင်ချစ်ခိုင်သည် လျှောက်လွှာပေါင်း ၅၀ ကျော်အနက်မှ ဟန်ကျပုံပေါ်သော လူ ၂၀ မျှကို ရွေးချယ်ပြီးလျှင် လျှောက်ထားသူအသီးသီးထံသို့ အောက်ပါအတိုင်း စာပြန်လိုက်လေ၏။

> စနေနေ့ ည ၉ နာရီအချိန်တွင် ကန်တော်ကြီး အဝ၌ရှိသော ကြေးရုပ်ကြီးအနီးသို့ တစ်ယောက်တည်း လာစေလိုသည်။
>
> ဇောတိက

မောင်ချစ်ခိုင်သည် တစ်ယောက်ကို ထိုနေရာတွင် ည ၉ နာရီအချိန်၌ လည်းကောင်း၊ အခြားတစ်ယောက်ကို ဗဟန်းဘက်တွင် ၉ နာရီခွဲအချိန်၌ လည်းကောင်း၊ တတိယတစ်ယောက်ကို သွေးဆေးကန်ဘက်တွင် ၁၀ နာရီအချိန်၌ လည်းကောင်း တစ်နေ့လျှင် သုံးယောက်မျှ ညစဉ် ရက်ချိန်ပေးလိုက်၏။ ထိုကဲ့သို့ ၇ ရက်မျှ ရက်ချိန်းပေးပြီးသောအခါတွင် လူ ၂၀ စေ့ငှခဲ့လေ၏။ ထိုကဲ့သို့ ပေးပို့လိုက်သော ပြန်စာများ၌ မောင်ချစ်ခိုင်သည် အကယ် အလုပ်လုပ်မည်သဘောဖြစ်ကြောင်းကို ထင်ရှားစေခြင်းငှာ ငွေစက္ကူ ၁၀ ကျပ်တန်

mgyoe.com

mgyoe.com


တစ်ချပ်ကို လမ်းစရိတ်အဖြစ်နှင့် ထည့်ပေးလိုက်၏။

ပထမညဉ့် မောင်ချစ်ခိုင်သည် မိမိ၏ကားကို ကိုယ်တိုင်မောင်းလျက် ထွက်လာခဲ့၍ ကန်တော်ကြီးစောင်းရှိ ပတ်လမ်း (နတ်မောက်လမ်း)သို့ ရောက်သောအခါတွင် အသင့်ဆောင်လာခဲ့သော မျက်နှာဖုံးကို စွပ်ပြီးမှ ကြေးရုပ်ကြီးရှိရာသို့ မောင်းသွားလေ၏။ ထိုအချိန်သည်ကား ၉ နာရီထိုးဖို့ ၁၀ မိနစ်ခန့် လိုသေးသည်ဖြစ်ရာ မောင်ချစ်ခိုင်သည်ကား ထိုကြေးရုပ်ကြီးနှင့် မနီးမဝေးလမ်းဘေးတွင် ဆိုက်ရပ်ပြီးနောက် တောင်မြောက်လေးပါးကို ကြည့်ရှုသော်လည်း လူစလူန မမြင်ရသည်နှင့် ငြိမ်ဝပ်စွာ စောင့်နေလေ၏။

အတန်ငယ်ကြာလတ်သော် လူတစ်ယောက်သည် တုတ်တစ်ချောင်းကို ကိုင်ကာ ခပ်သုတ်သုတ် လျှောက်လာ၍ မောင်ချစ်ခိုင်၏ ကားအနီးသို့ ရောက်သောအခါတွင် စောင်းငဲ့ကာ ကြည့်ပြီးနောက် ကြေးရုပ်ကြီးအနီးသို့သွား၍ ရပ်နေလေ၏။ ၁ မိနစ်ခန့်မျှ စောင့်နေပြီးသော် မောင်ချစ်ခိုင်သည် လက်ခုပ်တီး၍ ခေါ်လိုက်ရာ ထိုသူသည် ကားအနီးသို့ လျှောက်လာ၍ ကားနံဘေးတွင် ရပ်လေ၏။

"ခင်ဗျား ဘာလို့ လာသလဲ"

"စာရလို့ လာပါတယ်"

"သတ္တိကောင်းရဲ့လား"

"စမ်းကြည့်ပါ"

"ကြိုက်ပြီ၊ ဘာမဆို လုပ်ဝံ့ရဲ့လား"

"တန်တဲ့အဖိုး ရလျှင် လုပ်ဝံ့ပါတယ်"

"နေရာကျပြီ၊ အလုပ်လက်ကိုင် မရှိဘူးပေါ့"

"မရှိပါ"

"သားမယား ရှိသလား"

mgyoe.com

mgyoe.com


"လူပျိုပါ"

"အသက် ၂၅ နှစ် ဟုတ်စ"

"မှန်ပါတယ်"

"သစ္စာ ရှိပါ့မလား"

"ကြိုက်သလို ချည်တုပ်ပါ"

"ကျုပ်တို့က ချည်ခြင်း၊ တုပ်ခြင်း မရှိဘူး။ သစ္စာဖောက်ရင် ဒါပဲ"

မောင်ချစ်ခိုင်သည် မိမိ၏ရင်ဝကို ဓားမြှောင်နှင့်စိုက်သည့် အထိမ်းအမှတ်ဖြင့် လက်မနှင့် ထောက်၍ပြလေရာ ထိုသူက . . .

"ကြိုက်ပါတယ်၊ သဘောရှိ စီရင်ပါ"

"ဝေစုရမှာက တခြားထားပြီး တစ်လ ဘယ်လောက်ရလျှင် စားနိုင်မလဲ"

"၁၀၀ ကျပ်လောက်ရလျှင် စားနိုင်ပါတယ်"

"တန်အောင် လုပ်ပေးနိုင်ပါ့မလား"

"ခိုင်းကြည့်ပါ"

ထိုခဏ၌ မောင်ချစ်ခိုင်သည် ချောင်းဟန့်လိုက်ပြီးနောက် အရေးမကြီးသော မေးခွန်းများကို ဆက်လက်၍ မေးမြန်းနေစဉ် ယူနီဖောင်း အပြည့်အစုံဝတ်လျက်ရှိသော ပုလိပ်အရာရှိတစ်ယောက်သည် ချုံတစ်ချုံကြားမှ ရုတ်တရက် ထွက်၍ မောင်ချစ်ခိုင်၏ မော်တော်ကားရှိရာသို့ ပြေးလာလေရာ ထိုသူသည် လက်တွင် ကိုင်ထားသော မိမိ၏ တုတ်ကောက်နှင့် ခုခံမည်ပြုလေ၏။ ထိုအခါ မောင်ချစ်ခိုင်က . . .

"ကိုယ့်လူ တော်တယ်၊ စာမေးပွဲ အောင်ပြီ။ နောက် တနင်္ဂနွေနေ့ ဒီအချိန်မှာ ဒီနေရာ လာပြီး စောင့်နေပေတော့။ ကျုပ် လာခဲ့မယ်"

mgyoe.com

mgyoe.com


"နက်ဖြန် တနင်္ဂနွေနေ့ပဲ"

"ဒီ တနင်္ဂနွေ မဟုတ်သေးဘူး။ နောက် တနင်္ဂနွေနေ့"

"၈ ရက် လိုသေးတာပေါ့"

"ဟုတ်တယ်၊ ကိုင်း . . . ရော့၊ ဒီအတွင်း သုံးဖို့စွဲဖို့ ငွေ ၁၀ ကျပ်။ ကိုင်း . . . သွားပေတော့"

၎င်းနောက် မောင်ချစ်ခိုင်၏တပည့် နံပါတ်(၁)သည် အရှေ့ဘက်သို့ ထွက်သွားလေရာ မောင်ချစ်ခိုင်သည် ယခင်က ပုလိပ်သားကို ကားပေါ်သို့တက်စေ၍ ဗဟန်းဘက်သို့ မောင်းနှင်သွားလေ၏။ စင်စစ်မှာ ထိုသူသည် တပည့်နံပါတ်(၂)မျှသာဖြစ်၍ ပုလိပ်ယူနီဖောင်း ဝတ်ထားသော လူသည်သာလျှင် နံပါတ်(၁) ဖြစ်လေသည်။ ထိုသူသည်ကား မောင်ချစ်ခိုင်၏ လူယုံတော် တပည့်ရင်းဖြစ်လေရာ မောင်ချစ်ခိုင်သည် ထိုသူ တစ်ယောက်တည်းအားသာလျှင် မိမိ မည်သူမည်ဝါဖြစ်ကြောင်းကို သိစေ၍ အခြားတပည့်များကိုမူကား မျက်နှာကိုမျှ မြင်ခွင့်မပေးချေ။ ထိုသူ၏အမည်မှာ လှမောင်ဖြစ်၍ မောင်ချစ်ခိုင် ဆင်းရဲစဉ်အခါက သစ္စာရှိစွာနှင့် ပေါင်းသင်းဆက်ဆံခဲ့ဖူးသည့်အတွက်ကြောင့် လူယုံတော်အဖြစ်သို့တိုင် ရောက်ခဲ့ပြီးလျှင် ဆိုးသည်ကောင်းဘက်၊ ကြံစည်ဘက် ဖြစ်လာခဲ့ကြလေသည်။

ဗဟန်းဘက်သို့ ရောက်သောအခါ မောင်ချစ်ခိုင်သည် ကားကို ရပ်တန့်၍ လှမောင်အား ဆင်းစေပြီးလျှင် ဒုတိယလူနှင့် ချိန်းထားရာနေရာသို့ ဆက်လက် မောင်းနှင်သွားလေ၏။ မောင်ချစ်ခိုင် ရောက်သွားသောအခါ၌ ဒုတိယလူသည် မှောင်ရိပ်မှ စောင့်ဆိုင်းလျက်ရှိရာ မောင်ချစ်ခိုင်က လက်ခုပ်တီးခေါ်၍ ရှေးနည်းတူ မေးခွန်းများ ထုတ်လေ၏။ ထိုသူသည် မောင်ချစ်ခိုင်၏ မေးခွန်းများကို ကျေနပ်လောက်အောင် ဖြေနိုင်ငြားသော်လည်း ပုလိပ်ယောင်ဆောင်ထားသော လှမောင်

mgyoe.com

mgyoe.com

က ခြောက်လှန့်သောအခါတွင် ထွက်ပြေးသည်ဖြစ်သော ကြောင့် မောင်ချစ်ခိုင်သည် ထိုသူကို စာရင်းမှ ပယ်ဖျက်လိုက်လေ၏။

သွေးဆေးကန်ဘက်၌ ချိန်းထားသော တတိယလူမှာမူ ပထမလူကဲ့သို့ပင် စာမေးပွဲ အောင်သည်ဖြစ်သောကြောင့် မောင်ချစ်ခိုင်သည် ငွေ ၁၀ ကျပ် ထုတ်ပေး၍ နောက် တနင်္ဂနွေနေ့၌ ထိုနေရာသို့ လာရန် ရက်ချိန်းပေးလိုက်လေ၏။

ဤနည်းအားဖြင့် မောင်ချစ်ခိုင်သည် မိမိ၏ တပည့်လောင်းများကို ချိန်းခေါ် စစ်ဆေးခဲ့ရာ ချိန်းထားသော လူ ၂၀ အနက် ငါးယောက်သည် ပုလိပ်ကို ကြောက်သဖြင့် ထွက်ပြေးသောကြောင့်လည်းကောင်း၊ ခြောက်ယောက်သည် မေးခွန်းကို ကျေနပ်အောင် မဖြေနိုင်သောကြောင့် လည်းကောင်း၊ တစ်ယောက်သည် ချိန်းသည့်အတိုင်း မလာသောကြောင့် လည်းကောင်း၊ တစ်ယောက်သည် စီအိုင်ဒီဘက်မှ စုံထောက်ဖြစ်နေသောကြောင့် လည်းကောင်း စာရင်းမှ ပယ်ဖျက်၍ ခုနစ်ယောက်မျှကိုသာလျှင် ရွေးချယ်ပြီးလျှင် တနင်္ဂနွေနေ့သို့ ရက်ချိန်းပေးလိုက်ရလေသည်။

စီအိုင်ဒီဘက်မှ စုံထောက်မှန်း သိရပုံ အဖြစ်အပျက်မှာမူ ရယ်မောဖွယ်ရာတစ်ခု ဖြစ်ပေ၏။ စီအိုင်ဒီ စုံထောက်တစ်ယောက်သည် မောင်ချစ်ခိုင်၏ကြော်ငြာကို မြင်သဖြင့် မည်သို့သော အကြံအစည်ရှိသည်ကို သိလိုသည်ဖြစ်၍ လျှောက်လွှာတင်သွင်းခဲ့ရာ ရွေးချယ်ခြင်းခံရသော လူ ၂၀ အနက်တွင် ပါဝင်လေ၏။ ထိုသူသည် မောင်ချစ်ခိုင်၏ မေးခွန်းများကို ကျေနပ်အောင် ဖြေဆိုပြီးသဖြင့် မောင်ချစ်ခိုင်က ပုလိပ်ယောင် လှမောင်နှင့် စမ်းလို၍ အချက်ပေးကာ လှမောင်ကို ခေါ်လိုက်သောကြောင့် ယူနီဖောင်း ဝတ်ထားသော လှမောင် ပြေးထွက်လာသောအခါတွင် ထိုသူက "ဟေ့ကောင်၊ ငါ မခေါ်သေးဘဲနှင့်

mgyoe.com

ဘာကြောင့် ထွက်လာသလဲကွ”ဟု ယောင်ရမ်း၍ အော်ငေါက်မိလေ၏။ ထိုအခါ မောင်ချစ်ခိုင်သည် စုံထောက်ဖြစ်ကြောင်းကို သိ၍ ရယ်မောလျက် လှမောင်ကို ကားပေါ်သို့တင်၍ မောင်းသွားရာတွင် စုံထောက်သည် ကားနံပါတ်ကို ရေးမှတ်လေ၏။ ထိုအခြင်းအရာကို မောင်ချစ်ခိုင် မြင်သဖြင့် “မှတ်ချင် မှတ်လိုက် ဆရာ၊ ဒီနံပါတ်အတိုင်း ခင်ဗျားလိုက်ရှာလျှင် မြို့တော်ဝန်သားကို ခင်ဗျား တွေ့ရမှာပဲ”ဟု ရယ်မောကာ ပြောသွားသေး၏။ စင်စစ်မှာ မောင်ချစ်ခိုင်သည် မိမိ၏ ကားကို နံပါတ်ပြောင်းလဲ၍ တပ်လာခဲ့သောကြောင့်ပေတည်း။

□

mgyoe.com

mgyoe.com

# အခန်း [ ၅ ]

ချိန်းထားသော တနင်္ဂနွေနေ့ညသို့ မောင်ချစ်ခိုင်နှင့် လှမောင်တို့သည် ကားနှင့် ထွက်လာကြ၍ ကန်တော်ကြီးစောင်းသို့ ရောက်ကြသည်နှင့် တစ်ပြိုင်နက် မျက်နှာဖုံးများ တပ်ဆင်ကြပြီးလျှင် အဆင်သင့် တစ်ယောက်စီ စောင့်လျက်ရှိသော တပည့်များကို တစ်ယောက်စီ ကားပေါ်သို့တင်၍ လှမောင်က အဆင်သင့် ဆောင်ယူလာခဲ့သော မျက်နှာဖုံးများကို တစ်ခုစီ ထုတ်ပေး၍ တပ်ဆင်စေ၏။ ကားပေါ်၌ လူပြည့်သောအခါ မောင်ချစ်ခိုင်သည် ကန်တော်ကြီးစောင်း၌ရှိသော (ငှားရန်) ဆိုင်းဘုတ်ကပ်ထားသည့် အိမ်လွတ်ကြီးတစ်ဆောင်သို့ မောင်းနှင်၍ လှမောင်နှင့်တကွ လူအားလုံးကို ချထားခဲ့ပြီးလျှင် မောင်ချစ်ခိုင်သည် ကျန်သေးသော တပည့်များကိုခေါ်ရန် ထွက်သွားပြန်လေ၏။

လှမောင်သည် လူများကို အိမ်ပေါ်သို့ ခေါ်သွား၍ အမေရိကန်မှ မှာယူထားသော သော့တုလက်နက်ဖြင့် တံခါးသော့ကို ဖွင့်ပြီးလျှင် လူမရှိသောအိမ်၌ မီးရောင်မမြင်စေခြင်းငှာ အိမ်နောက်ဆုံး၌ရှိသော အခန်းတွင်းသို့ ဝင်ကြပြီးမှ ဖယောင်းတိုင်များ ထွန်းထားလေ၏။ လူများသည် မျက်နှာဖုံးကိုယ်စီနှင့် နံရံကိုမှီလျက် ရပ်နေကြလေရာ မိမိ၏

mgyoe.com

mgyoe.com

အသိမိတ်ဆွေများပင် ပါလေသလောဟု အသီးသီး တွေးတောမိကြလေ၏။

အတန်ငယ်ကြာလတ်သော် မောင်ချစ်ခိုင်သည် ဒုတိယအသုတ် တပည့်များနှင့် ဆိုက်ရောက်လာပြန်ပလေရာ ကားကို နောက်ဖေးချောင်၌ ထိုးထားခဲ့ပြီးနောက် မောင်ချစ်ခိုင်က ခေါင်းဆောင်လျက် မျက်နှာဖုံးကိုယ်စီနှင့် ဒုတိယလူစုသည် အိမ်ပေါ်သို့ တက်လာကြလေ၏။

တပည့်များ စုံညီသောအခါ မောင်ချစ်ခိုင်သည် ဆရာကြီးဖြစ်သည့်အလျောက် အခန်း၏အလယ်မှ ရပ်လျက် လှမောင်နှင့်တကွ တပည့်အားလုံးကို နံရံတွင်မှီကာ ရပ်နေစေ၏။ ၎င်းနောက် မောင်ချစ်ခိုင်သည် မိမိမှစ၍ ဆရာတပည့်အားလုံးကို ရေတွက်လေရာ လူကိုးယောက် ရှိသည့်အဖြစ်ကို တွေ့ရှိရလေ၏။

ခိုင် ။ ။ "ကိုင်း . . . လူအားလုံး စုံကြပြီ။ သို့သော် ကျုပ်တို့အသင်းကြီး၏ ရည်ရွယ်ချက်ကို မပြောပြမီ အသင်းကို အမည်ပေးကြဦးစို့။ ကျုပ်တို့အသင်းမှာ လူကိုးယောက်ရှိသည့် အတွက်ကြောင့် ကိုးပွင့်ဆိုင်အသင်းလို့ အမည်ပေးချင် တယ်။ သဘောတူကြသလား။ ဒီထက် သင့်လျော်တဲ့အမည်များ ရှိသေးသလား"

အားလုံး ။ ။ "မရှိပါဘူး ဆရာကြီး၊ သဘောတူပါတယ်"

ခိုင် ။ ။ "ကျုပ်က ဗေဒင်ကို တော်တော်ယုံတဲ့ လူဗျ။ ဒါကြောင့် ကိုးနဝင်းကိုက်အောင် တမင်ရွေးချယ်ထားတဲ့ အရေအတွက် ဖြစ်တယ်"

အားလုံး ။ ။ "ကောင်းလှပါတယ် ဆရာကြီး"

ခိုင် ။ ။ "ယခု လက်ငင်းအရေးနဲ့ နောင်အရေး ဘယ်သင်းက
mgyoe.com

mgyoe.com


အရေးကြီးသလဲ တပည့်တို့"

အားလုံး ။ ။ "လက်ငင်းရေးက အရေးကြီးပါတယ် ဆရာကြီး"

ခိုင် ။ ။ "လောကမှာ အရေးအကြီးဆုံး ဘာလဲ တပည့်များ"

အားလုံး ။ ။ "ငွေပါ ဆရာကြီး"

ခိုင် ။ ။ "ရိုးဖြောင့်တယ်ဆိုတာ လက်ငင်းရေးလား၊ နောင်ရေးလား"

အားလုံး ။ ။ "နောင်ရေးပါ ဆရာကြီး"

ခိုင် ။ ။ "ငွေရမှုဟာ လက်ငင်းရေးလား၊ နောင်ရေးလား"

အားလုံး ။ ။ "လက်ငင်းရေးပါ ဆရာကြီး"

ခိုင် ။ ။ "ရိုးဖြောင့်ခြင်းတည်းဟူသော နောင်ရေးနဲ့ ငွေရမှုတည်းဟူသော လက်ငင်းရေးဟာ ဘယ်သင်း အရေးကြီးသလဲ"

အားလုံး ။ ။ "ငွေရမှု လက်ငင်းရေးက အရေးကြီးပါတယ်ဆရာကြီး"

ခိုင် ။ ။ "ရိုးဖြောင့်စွာနှင့် ငွေရအောင် ရှာနိုင်လျှင် ဘယ့်နှယ်လဲ"

အားလုံး ။ ။ "အကောင်းဆုံးပါ ဆရာကြီး"

ခိုင် ။ ။ "ရိုးဖြောင့်စွာနှင့် ငွေရအောင်ရှာဖို့ ခင်ဗျားတို့ ကြိုးစားခဲ့ပြီလား"

အားလုံး ။ ။ "ကြိုးစားခဲ့ပြီးပါပြီ ဆရာကြီး"

ခိုင် ။ ။ "ထမြောက်ခဲ့ရဲ့လား"

အားလုံး ။ ။ "အထ မမြောက်ခဲ့ပါဘူး ဆရာကြီး"

ခိုင် ။ ။ "ထမင်း ဝကြရဲ့လား"

အားလုံး ။ ။ "မဝခဲ့ပါဘူး ဆရာကြီး"

တစ်ယောက် ။ ။ "ဒါကြောင့် ဆရာကြီးကို အားကိုးပြီး လျှောက်ကြ

mgyoe.com

mgyoe.com


ခြင်း ဖြစ်ပါတယ်"

ခိုင် ။ ။ "ဟုတ်ပြီ၊ ငွေရမှုအတွက်ဆိုလျှင် ဘာမဆို ပြုဝံ့ကြရဲ့လား"

အားလုံး ။ ။ "ပြုဝံ့ပါတယ် ဆရာကြီး"

တစ်ယောက် ။ ။ "ကြည့်ခိုင်းပါ ဆရာကြီး"

ခိုင် ။ ။ "ဟော့ . . . ရွေးချယ်ပြီး ခိုင်းရမယ်လား"

တစ်ယောက် ။ ။ "ဒီလို မဟုတ်ပါ၊ ငွေရမှုကို ဆရာကြီးဉာဏ်နဲ့ ကြည့်ပြီး ခိုင်းပါလို့ ဆိုလိုခြင်း ဖြစ်ပါတယ်။

ခိုင် ။ ။ "တစ်ယောက်ချင်း ဆောင်ရွက်သည်ထက် အများနဲ့ ဆောင်ရွက်ခြင်းက ထမြောက်လွယ်တယ် မဟုတ်လား"

အားလုံး ။ ။ "မှန်ပါတယ် ဆရာကြီး"

တစ်ယောက် ။ ။ "ညီလျှင် ထမြောက်လွယ်ပါတယ်"

ခိုင် ။ ။ "အေး . . . မှန်တယ်။ ညီလျှင် ထမြောက်လွယ်တယ်။ ကောင်းပြီ၊ ညီညွတ်ဖို့ရာမှာ သစ္စာရှိခြင်းဟာ အရေးကြီးတယ် မဟုတ်လား"

အားလုံး ။ ။ "မှန်ပါတယ် ဆရာကြီး"

ခိုင် ။ ။ "ကိုင်း . . . ဒါကြောင့် အသင်းသားအချင်းချင်း သစ္စာရှိကြဖို့ ရှေးဦးစွာ ငါ စီမံမယ်"

အားလုံး ။ ။ "ကောင်းပါပြီ ဆရာကြီး"

ခိုင် ။ ။ "ငါက ရှေးထုံးရှေးနည်းကို နှစ်သက်တဲ့ လူတစ်ယောက်ကွယ့်။ ဒီတော့ ရှေးက လူဆိုးများ သစ္စာပြုကြတဲ့ ထုံးတမ်းအတိုင်း ငါ စီမံချင်တယ်၊ သဘောကျကြလား"

mgyoe.com

mgyoe.com


အားလုံး။ ။ "ဘာမဆို သဘောကျပါတယ် ဆရာကြီး"
ထိုအခါ မောင်ချစ်ခိုင်သည် မောင်းချစားတစ်လက်ကို ထုတ်၍ မိမိ၏
လက်မောင်းကို ရှေးဦးစွာ ဖောက်ပြီးလျှင် အသင့် ဆောင်
ယူလာသော ခွက်တစ်ခုထဲသို့ သွေးများကို စီးကျစေ၏။
ထို့နောက် အခြားသူများအား လက်မောင်းကို တစ်ယောက်စီ
ဖောက်စေ၍ စီးကျသောသွေးများကို ထိုခွက်ထဲသို့ပင်
ရောနှော၍ ထည့်စေရာ လူအားလုံး တို့သည် သူ့ထက်ငါ
သတ္တိကောင်းကြောင်းကို ပြလိုကြသည်ဖြစ်ရကား တစ်ဦး
တစ်ယောက်သော သူကမျှ ရှုံ့မဲ့ တွန့်ဆုတ်ခြင်း မရှိခဲ့ချေ။

၎င်းနောက် မောင်ချစ်ခိုင်သည် ခွက်ထဲမှ သွေးကို ရှေးဦးစွာ သောက်ပြီးနောက် တစ်ယောက်စီ ကမ်းလှမ်းလေရာ လူအားလုံးတို့သည် အားကျလျက်ရှိသော အရှိန်ကြောင့် မတွန့်မရွံ့ဘဲ အနည်းငယ်မျှစီ သောက်ကြလေ၏။

ယင်းကဲ့သို့ သွေးချင်းနှော၍ သောက်ခြင်းသည် သစ္စာရှိဖို့အရေးနှင့် ဆက်သွယ်ခြင်း ရှိဟန်မတူသော်လည်း သောက်သုံးသူ အသီးသီး၏ စိတ်ဓာတ်၌ သေသေချာချာ ထိခိုက်သော အပြုအမူဖြစ်ချေသောကြောင့် ရှေးလူဟောင်းတို့၏ နည်းစနစ်သည် ခေတ်ကာလ လူများ ထင်မှတ်သကဲ့သို့ အဓိပ္ပာယ်မရှိ မဟုတ်ချေ။ ခေတ်ကာလလူများက ထိုကဲ့သို့ သစ္စာပြုပြီးမှ သစ္စာဖောက်သောသူများ မရှိသလောဟု မေးမြန်းကြပေလိမ့်မည်။ မည်ကဲ့သို့ အကျပ်ကိုင်၍ မေးစေကာမူ စိတ်နှလုံး၌ သေသေချာချာ မိမိရရ ထိခိုက်သော အပြုအမူတစ်ခုသည် ပြုသူ၊ မြင်သူ၊ ပါဝင်သူတို့၏စိတ်၌ စွဲလမ်းခြင်းတစ်ခုဖြစ်နေ၍ ထိုစိတ်ကို ချုပ်ချယ်ခြင်း၊ စေ့ဆော်ခြင်း ပြုနိုင်သည့် တန်ခိုး

mgyoe.com

mgyoe.com


အာနိသင် ရှိကြောင်းကိုမူကား ငြင်းဆိုနိုင်ကြမည် မဟုတ်ချေ။ ထို့ကြောင့်လည်း ခေတ်ကာလ ခေါင်းဆောင်များ ပါဝင်ကြသည့် ဖရီးမေဆင်ခေါ် ပသျှူးခေါင်းပြတ်အသင်း စသည့် အသင်း အပင်းကြီးများ၌ အထက်ပါ အပြုအမူမျိုးနှင့် အလားတူဖြစ်သော လျှို့ဝှက်သည့် အခမ်းအနားများကို ယခုတိုင် ဆောင်ရွက်လျက် ရှိကြခြင်းဖြစ်လေသည်။

ထိုသို့သော အခမ်းအနားမျိုး၏ အရေးပါ အရာရောက်ခြင်း အကြောင်းကို ကောင်းစွာ နားလည်ပြီးဖြစ်သော မောင်ချစ်ခိုင်သည် အသင်းသား အချင်းချင်း သစ္စာပြုခြင်း အခမ်းအနား ဆောင်ရွက်စေပြီး နောက် အသင်းသားများအား နောင် တစ်ယောက်နှင့်တစ်ယောက် ကွဲပြားခြားနားခြင်း ရှိစေခြင်းငှာ တစ်ယောက်လျှင် နံပါတ်တစ်ခုစီ ပေးလေ၏။


မောင်ချစ်ခိုင်၌ ထူးကဲသော သတ္တိတစ်ခုမှာ လူတစ်ဦးတစ်ယောက်ကို တစ်ကြိမ်တစ်ခါမျှ တွေ့မြင်ရလျှင် ဘယ်အခါမှ မမေ့နိုင်ခြင်းတည်းဟူသော သတ္တိပင် ဖြစ်လေသည်။ သို့ဖြစ်၍ မောင်ချစ်ခိုင်သည် မိမိ၏ရှေ့၌ မျက်နှာဖုံးကိုယ်စီနှင့် စီတန်းခါ ရပ်လျက်ရှိသော လူများကို တစ်ယောက်စီ ကြည့်ခါမျှနှင့် လူအသီးသီး၏ အမည်၊ နေရပ်နှင့်တကွ မျက်နှာကိုပါ မှတ်မိနိုင်ခဲ့လေသည်။ မောင်ချစ်ခိုင်သည် တစ်ယောက်စီရပ်နေသော လူများကို ၁-၂-၃ စသည်ဖြင့် နံပါတ်အစဉ်လိုက် ခေါ်စေ၍ မိမိ၏ မှတ်တမ်းစာအုပ်တွင် ရေးသားပြီးဖြစ်သော အမည်အသီးသီး၏ နံဘေးမှ ဆိုင်ရာနံပါတ်များကို ဖြည့်စွက် ရေးမှတ်ခြင်း ပြုလေ၏။ သို့ဖြစ်သောကြောင့် တပည့်များသည် မိမိတို့၏ ဆရာအား မည်သူမည်ဝါဖြစ်၍ မည်သည့် အရပ်၌နေကြောင်း မသိရပြားသော်လည်း မောင်ချစ်ခိုင်ကမူ နံပါတ် ၁ မည်သူ၊ မည်သည့်အရပ်၊

mgyoe.com

mgyoe.com


မည်သည့် မျက်နှာမျိုး စသည်ဖြင့် ၁ မှ ၈ တိုင်အောင် အားလုံးကို သိပြီးဖြစ်လေ၏။

ယင်းကဲ့သို့ ၁ မှ ၈ တိုင်အောင် နံပါတ်စဉ်ပေးပြီးနောက် မောင်ချစ်ခိုင်သည် မိမိတို့ အသင်းသား အချင်းချင်း သိစေလိုက သိနိုင်ခြင်း ရှိစေခြင်းငှာ ပန်းတိမ်ဆရာ တစ်ဦးထံ၌ ပုံစံပေး၍ လုပ်လာခဲ့သော မိုးကြိုးတံဆိပ်များကို အသင်းသားတစ်ယောက်လျှင် တစ်ခုစီ ပေးဝေလေ၏။ အသင်းသားများသည် ၎င်းတံဆိပ်ကို အမေရိကန်ပြည်မှ စုံထောက်အရာရှိများ၏ နည်းစနစ်အတိုင်း အပေါ်အင်္ကျီ ရှေ့မျက်နှာတွင် အတွင်းဘက်မှ ထိုးတပ်ထားရန်ဖြစ်လေရာ တံဆိပ်မှာ အောက်ပါ ပုံစံအတိုင်း ဖြစ်လေ၏။



အသင်းသားများသည် အထက်ပါ တံဆိပ်ကို အင်္ကျီတွင် အသီးအသီး တပ်ဆင်လျက် ရှိကြစဉ် . . .

mgyoe.com

mgyoe.com


ခိုင်။ ။ "ကျုပ်က နဝင်းကျောတဲ့ အကောင်ဗျ၊ တံဆိပ်ကို ကြည့်ကြစမ်း။ တစ်ပွင့်မှာ ပွင့်ချပ်ရော ဝတ်ဆံပါ ကိုးခု၊ အပွင့်ကလည်း ကိုးပွင့်၊ တွေ့ကြလား"

အားလုံး။ ။ "တွေ့ပါရဲ့ ဆရာ၊ လှလည်း လှပါပေတယ်"

ခိုင်။ ။ "ကိုင်း . . . ဒီကနေ့ည တွက်တာတော့ အသင်းဖွဲ့စည်းတာနဲ့ပဲ တော်လောက်ပါပြီ။ နက်ဖြန်ည ၈ နာရီမှာ အစည်းအဝေး စမယ်၊ ကြားကြလား"

အားလုံး။ ။ "ကောင်းပါပြီ ဆရာကြီး"

ခိုင်။ ။ "ကျုပ် တစ်ခု သတိပေးလိုက်မယ်။ ကျုပ်က စည်းကမ်းစနစ်ကြီးတဲ့ လူဗျနော်၊ ၈ နာရီဆိုလျှင် ၈ နာရီတိတိ ရောက်ရမယ်။ နောက် မကျစေရဘူး၊ ကြားကြလား"

အားလုံး။ ။ "စိတ်ချပါ ဆရာကြီး"

ခိုင်။ ။ "ကောင်းပြီ၊ တစ်ယောက်စီပြန်ကြ။ နံပါတ် ၁ သွားတော့" နံပါတ် ၁ လည်း ဆင်းသွားလေ၏။ ၅ မိနစ်ကြာသော အခါ . . .

ခိုင်။ ။ "နံပါတ် ၂ သွားတော့"

ယင်းကဲ့သို့ ၅ မိနစ်စီခွဲ၍ လွှတ်သဖြင့် နောက်ဆုံး၌ နံပါတ် ၈ ဖြစ်သော လှမောင်နှင့် မောင်ချစ်ခိုင်တို့ နှစ်ယောက်တည်း ကျန်ရစ်ခဲ့လေလျှင် . . .

ခိုင်။ ။ "ဘယ့်နှယ်လဲဟေ့ လှမောင်၊ ဟန်ပါ့မလား"

မောင်။ ။ "သိပ်ဟန်တာပဲ ဆရာ။ အမေရိကန်က ပြတဲ့ ဘိုင်စကုပ်ကျနေတာပဲ။

mgyoe.com

mgyoe.com

"အမေရိကန်က လူစုတော့ အမေရိကန်ပုလိပ်ကို လှိမ့်နိုင်တာပဲကွယ့်။ ငါတို့နဲ့ မြန်မာပြည်ပုလိပ်နဲ့ ဘယ့်နှယ်နေကြမလဲ မဆိုနိုင်ဘူး"

"ဒါထက် တစ်နေ့က စီအိုင်ဒီက ဘာဝင်နှောင့်တာလဲ ဆရာ"

"သူတို့လည်း စနှောင့်စနင်း ဖြစ်လို့ဟာပေါ့ကွယ်။ ဒါထက် ငါတို့လူတွေကို တစ်ယောက်စီ မင်း လိုက်ပြီး စုံစမ်းပြီးပြီနော်"

"စိတ်ချပါ ဆရာ၊ စုံစမ်းပြီးပါ။ အလုပ်လက်မဲ့ လူချည်း ပါပဲ"

❑

mgyoe.com

mgyoe.com

# အခန်း [ ၆ ]

မောင်ချစ်ခိုင်သည် ကိုးပွင့်ဆိုင်အသင်းကို အထက်ပါနည်းအတိုင်း ဖွဲ့စည်းပြီးသည်မှစ၍ အကြီးအကျယ် စားပြတိုက်ခြင်းများ၊ တိုက်ဖောက်ခြင်းများ၊ မီးရထားတစ်တွဲလုံးကို တိုက်ခိုက်ခြင်းများ၊ သင်္ဘောကပ္ပတိန်နှင့် ငွေကိုင်စာရေးကို စီးနင်းလုယက်ခြင်းများ၊ ရှမ်းပြည်မှ လည်းကောင်း၊ ဘင်္ဂလားမှ လည်းကောင်း ဘိန်းအမြောက်အမြား ချခြင်းများ၊ မိုက်ကြေးခွဲခြင်းများ၊ အသက်အန္တရာယ်မှ ကာကွယ်ကြေးဟူ၍ ပိုက်ဆံဝါလာများထံမှ ညှစ်ထုတ်ခြင်းများ စသည့် မကောင်းမှုအမျိုးမျိုးတို့ကို စိတ်ကူးရှိတိုင်း ဆောင်ရွက်ကြလေ၏။ မောင်ချစ်ခိုင်မှာမူ ကိုယ်တိုင်မပါလျှင် မပြီးစီးနိုင်သော ကိစ္စများမှ တစ်ပါး ၎င်းကိုယ်တိုင် လိုက်ပါဆောင်ရွက်ခြင်းမရှိဘဲ တီထွင်ရုံ၊ စီမံရုံ၊ ညာဏ်ပေးရုံ၊ ငွေရင်းစိုက်ထုတ်ရုံမျှသာ ပြုလုပ်ခဲ့၍ လှမောင်နှင့် အခြားအသင်းသားများက အစမှ အဆုံးတိုင် ဆောင်ရွက်ကြရလေသည်။ သို့ပါသော်လည်း တီထွင်စီမံ ညာဏ်ထုတ်ခြင်းနှင့် ငွေရင်း စိုက်ထုတ်ခြင်း၏ အရေးကြီးကြောင်းကို အသင်းသားအားလုံးက အသိအမှတ်ပြုကြသည်ဖြစ်သော ကြောင့် ရလာခဲ့သော ပစ္စည်းများအနက်မှ မောင်ချစ်ခိုင်က ဝေစုကြီး

mgyoe.com

စားခြင်းကို တစ်ဦးတစ်ယောက် သောသူကမျှ ညည်းတွား ကန့်ကွက်ခြင်း မပြုခဲ့ချေ။

အထက်တွင် ဖော်ပြခဲ့ပြီးသော အလုပ်များအနက် ပိုက်ဆံဝါလားများထံမှ ကာကွယ်ကြေး တောင်းခံခြင်းတည်းဟူသော အလုပ်မှာ မြန်မာပြည်၌ မောင်ချစ်ခိုင် တီထွင်သောအလုပ် ဖြစ်ချေသည်။ ၎င်းအလုပ်ကို မောင်ချစ်ခိုင်သည် အောက်ပါနည်းအတိုင်း ဆောင်ရွက်လေ၏။ ရှေးဦးစွာ မောင်ချစ်ခိုင်သည် မြန်မာသူဌေးများ၊ တရုတ်သူဌေးများ၊ ကုလားသူဌေးများထံသို့ အောက်ပါ အဓိပ္ပာယ်အတိုင်း စာတစ်စောင်ကို အင်္ဂလိပ်ဘာသာနှင့်ဖြစ်စေ၊ မြန်မာဘာသာနှင့်ဖြစ်စေ လက်နှိပ်စက်ဖြင့် ရိုက်နှိပ်ပြီးလျှင် စာတိုက်မှ ပေးပို့လိုက်၏။

မိတ်ဆွေကြီး ခင်ဗျား . . .

ရန်ကုန်မြို့၌ ရှိနေသော လူဆိုးအသင်းကြီးတစ်သင်းက မိတ်ဆွေ၏ အသက်ဘေးကို ရန်ရှာလျက် ရှိကြောင်း၊ ကျွန်ုပ်တို့ကိုယ်တိုင် ယုံကြည်စိတ်ချလောက်သော နည်းလမ်းဖြင့် သိရှိရပါသည်။ ၎င်းရန်စမှာ အခြားမဟုတ် . . . ကိစ္စနှင့် ပတ်သက်သော ရန်စဖြစ်ပါသည်။ ထိုလူဆိုးများ၏ ဘေးရန်မှ မိတ်ဆွေအား ကာကွယ်ရန်မှာ ပုလိပ်အရာရှိများ တတ်နိုင်မည် မဟုတ်ပါ။ ပုလိပ်များ မတတ်နိုင်သော အလုပ်ကို ကျွန်ုပ်တို့ အသင်းကြီးက အဘယ်ကြောင့် ဆောင်ရွက်ရန် တတ်နိုင်ပါမည်နည်းဟု မေးဖွယ်ရာ ရှိပါသည်။ မြွေ၏ ခြေထောက်ကို မြွေ

mgyoe.com

mgyoe.com

အချင်းချင်းသာလျှင် မြင်စွမ်းနိုင်သည်ဟူသော မြန်မာစကားပုံ ရှိပါသည်။

မိတ်ဆွေကြီးက ကျွန်ုပ်တို့ အသင်းသို့ လစဉ် ထောက်ပံ့ကြေးငွေ . . . မျှ ပေးခဲ့ပါမူ မိတ်ဆွေကြီးအား ရေကြည်တစ်ပေါက်မျှ မစင်စေရအောင် ကျွန်ုပ်တို့ အသင်းကြီးက တာဝန်ခံ၍ စောင့်ရှောက်ပါမည်။ အကယ်၍ ကျွန်ုပ်တို့၏ စကားကို မယုံကြည်သဖြင့် မပေးကမ်းဘဲ နေသည်ဖြစ်စေ၊ ပုလိပ်များ၏ အကူအညီကို တောင်းခံသည်ဖြစ်စေ ပြုခဲ့ပါမူ မိတ်ဆွေ၏အသက်သည် ၁၀ ရက်ခန့်မျှ ရှည်ဖွယ်ရာသော အကြောင်းကို ကျွန်ုပ်တို့ မမြင်မိချေ။

ငွေပေးရန်နည်းမှာ စနေနေ့ ညနေ ၄ နာရီအချိန်တွင် စတော့ကိတ်လမ်း (သိမ်ဖြူလမ်း) မီးရထားတံတားကြီးပေါ်မှ စောင့်နေပါ။ မိန်းမကြီးတစ်ယောက်ဖြစ်စေ၊ သူငယ်ကလေး တစ်ယောက်ဖြစ်စေ ပြက္ခဒိန်စာအုပ်ကို ကိုင်လျက် လျှောက်လာပါလိမ့်မည်။ ငွေစက္ကူကို စာအိတ်တွင် ထည့်၍ ပြက္ခဒိန် ကိုင်လာသူ၏လက်သို့ ပေးအပ်ပြီးလျှင် ပြက္ခဒိန်ကို ယူလိုက်ပါလေ။

**အထူးသတိပြုရန်။** ။ ကျွန်ုပ်တို့အသင်း၏ လုပ်ငန်းမှာ ဂုဏ်သရေရှိ လူကြီးလူကောင်းတို့အား မလိုမုန်းထားသူတို့က လူဆိုးများ ငှားရမ်း၍ အသက်ကို ရန်ရှာခြင်းတည်းဟူသော ဘေးအန္တရာယ်မှ ကာကွယ်ရန် ဖြစ်ပါသောကြောင့်

mgyoe.com

mgyoe.com


ပုလိပ်အရာရှိများထံ သတင်းပေးပို့ခြင်းမှ ရှောင်ကြဉ်ပါရန် မိတ်ဆွေ၏အကျိုးအတွက် တောင်းပန်လိုက်ပါသည်။

ကိုးပွင့်ဆိုင်အသင်း။

အထက်ပါစာတွင် ပါရှိသည့် ပထမကွက်လပ်မှာ ထိုသူနှင့် အရှုပ်အရှင်း ဖြစ်ရဖူးသည့် ကိစ္စတစ်ခုခုကို ရေးသားထည့်သွင်းရန်အတွက် ဖြစ်ချေသည်။ မောင်ချစ်ခိုင်သည် ထိုသို့သော စာမျိုးကို မပေးပို့မီ ထိုသူ၏ အတ္ထုပ္ပတ္တိကို နေ့ရက်များစွာက ကြိုတင် စနည်း နာပြီးဖြစ်သောကြောင့် အလုပ်ကြီးသမားတို့ မည်သည်မှာ ကိစ္စတစ်ခုခု၌ အခြားသူများနှင့် အတိုက်အခံ ဖြစ်ရဖူးသည်သာလျှင် ဖြစ်တတ်မြဲအတိုင်း ထိုကိစ္စကို ၎င်းကွက်လပ်၌ ထည့်သွင်းရန် သတင်းရခဲ့ပြီး ဖြစ်ချေသည်။ စာကို ရရှိသောလူသည် ထိုကိစ္စကို ထည့်သွင်းဖော်ပြထားခြင်းကို တွေ့ရသောအခါတွင် မိမိ၏အသက်ကို ရန်ရှာနေသူများ ရှိသည်ဟူသော သတင်းကို အလွယ်တကူနှင့် ယုံကြည်တတ်လေသည်။

ဒုတိယကွက်လပ်မှာ လစဉ်ကြေး မည်၍မည်မျှ ပေးရမည်ဟူ၍ ထည့်သွင်းရန်အတွက် ဖြစ်လေရာ မောင်ချစ်ခိုင်သည် အမြော်အမြင်ရှိသော လူတစ်ယောက် ဖြစ်သည်အလျောက် နင့်လောက်အောင် တောင်းခံခြင်းမပြုဘဲ သဒ္ဓါကြည်ဖြူစွာနှင့် ပေးနိုင်လောက်ရုံမျှသာလျှင် တောင်းခံလေ့ ရှိလေသည်။ ဥပမာ . . . တစ်လလျှင် ဝင်ငွေ ၁၀၀၀ (တစ်ထောင်)ကျပ်ခန့်ရှိသော သူဌေးတစ်ဦးအား ကာကွယ်ကြေးအဖြစ်နှင့် တစ်လလျှင် ၁၀၀ ကျပ်မျှ တောင်းခံသည့်အခါ ထိုသူဌေးသည် အချည်းနှီး ပေးရခြင်းဖြစ်သည်ဟု သဘောထားခဲ့ စေကာမူ ပုလိပ်များအား တိုင်တန်းခြင်း၊ စစ်ဆေးမေးမြန်းခြင်း၊ ဌာနသို့ မကြာခဏ ဆင့်ခေါ်

mgyoe.com

mgyoe.com


သဖြင့် သွားရောက်ရခြင်း အစရှိသည့် ဒုက္ခများကို ရှောင်ကွင်းလိုသည့်ပြင် မိမိကိုယ်ကို အစဉ်အမြဲ သတိနှင့် စောင့်ထိန်းနေရခြင်းတည်းဟူသော ကျပ်တည်းဆင်းရဲခြင်းကိုလည်း အလိုမရှိသည်ဖြစ်သောကြောင့် ငွေကို တပ်မက်လှသော ကုလား သူဌေးများပင်လျှင် အောင့်အည်းသည်းခံလျက် ပေးကြရလေသည်။

စာကို ပေးပို့ပြီးသည်နောက် မောင်ချစ်ခိုင်သည် မိမိ၏ အသင်းသားတစ်ယောက်ကို သူလျှိုအဖြစ်နှင့် လွှတ်ထား၍ ၎င်း အသင်းသားသည် ထိုသူဌေး၏ အသွားအလာများနှင့် သူဌေးအိမ်၌ လူဝင်လူထွက်များကို တစောင်းမှ ချောင်းမြောင်းကြည့်ရှုလျက်ရှိရာ ပုလိပ်များနှင့် ဆက်သွယ်ခြင်းပြုသည်ဟု တစ်စုံတစ်ရာ သင်္ကာမကင်းဖွယ်ရာ အကြောင်း ရှိခဲ့ပါလျှင် အစည်းအဝေး၌ တိုင်တန်းရလေသည်။ ထိုအခါ မောင်ချစ်ခိုင်က ၎င်းသူဌေးအား မည်သို့သောအပြစ်မျိုး ပေးထိုက်ကြောင်းကို ချင့်ချိန်ဆုံးဖြတ်လေသည်။ မောင်ချစ်ခိုင်မှာ ဟိန္ဒုကနှင့် အလားတူစွာ ကံဇာတာအလျောက် ဆိုးမိုက်နေရခြင်း ဖြစ်သော်ငြားလည်း ဗဟုသုတနှင့် လည်းကောင်း၊ အမြော်အမြင်နှင့် လည်းကောင်း၊ လူကြီးဖြစ်ထိုက်သော အရည်အချင်းနှင့် လည်းကောင်း ပြည့်စုံလုံလောက်သူတစ်ယောက် ဖြစ်ချေသောကြောင့် ၎င်းသူဌေးအား မိမိတပည့်၏ စကားလုံးတစ်လုံးတည်းနှင့် အပြစ်ပေး စီရင်ခြင်း မပြုသေးဘဲ ထိုသို့သော ကိစ္စမျိုး၌ မိမိကိုယ်တိုင် စစ်ဆေးလျှောက်စုံစမ်းခြင်း ပြုလေ့ရှိလေသည်။ ယင်းကဲ့သို့ ၎င်းကိုယ်တိုင် လျှို့ဝှက်စုံစမ်းသဖြင့် ပုလိပ်များနှင့် ဆက်သွယ်ကြောင်း ထင်ရှားစွာ သိရှိရသောအခါ၌မူ မောင်ချစ်ခိုင်သည် မိမိ၏ အသင်းသားများနှင့်တကွ အခြားသူဌေးများပါ တကယ်အလုပ်လုပ်သောသူ ဟူ၍ သိလောက်စေရန် ပြင်းပြင်းထန်ထန် အပြစ်ဒဏ် စီရင်တတ်လေသည်။

mgyoe.com

mgyoe.com

အစည်းအဝေးများ၌ မောင်ချစ်ခိုင်မှာ မျက်နှာဖုံး တပ်ဆင်ထားရသည့် အတွက်ကြောင့် မိမိ၏ သဘောထားကို မျက်နှာထားဖြင့်ပြရန် အခွင့်မရသော်ငြားလည်း အစဉ်မပြတ် သပ်ရပ်စွာ ဝတ်ဆင်ခြင်း၊ ခံ့ညားသော ကိုယ်ဟန်အမူအရာရှိခြင်း၊ ပြတ်ပြတ်တောက်တောက် ပြောတတ်ခြင်း၊ ကြွပ်ကြွပ်ဆတ်ဆတ် ဖျတ်လတ်သော အနေအထားရှိခြင်း၊ တိုးတိုးမျှပြောသော်လည်း သူတစ်ပါးတို့ ဟစ်အော်သလောက် ပေါက်လှသော အသံသြဇာရှိခြင်း အစရှိသော ဂုဏ် အခြင်းအရာတို့ကို မြင်ရသူ တပည့်အပေါင်းတို့မှာ ငါတို့၏ဆရာကား ထားပြီးသော ကတိ၊ ပြောမိသောစကားကို ဖောက်ဖျက်မည့် လူတစ်ယောက်မဟုတ်ဘဲ ပြုဖွယ်ကိစ္စ ဟူသမျှကို သဲသဲမဲမဲ ဖွဲသန်သန် ဆောင်ရွက်မည့်လူတစ်ယောက်ဖြစ်သဖြင့် ၎င်းအား ညာဝါးဖြန်းသန်း၍ မရနိုင်ကြောင်းကိုလည်း အကဲခတ်မိကြလေ၏။

ကာကွယ်ကြေး တောင်းသောစာကို ပေးပို့ပြီးနောက် ထို သူဌေးသည် ပုလိပ်များနှင့် ဆက်သွယ်ခြင်း မပြုဟူ၍ စိတ်ကျေနပ်ခဲ့ပါလျှင် ချိန်းဆိုသောနေ့၌ လူယုံတော် လှမောင်သည် ကားတစ်စီးနှင့် ထွက်လာ၍ ချိန်းထားသော နေရာကို ဖြတ်မောင်းသွားပြီးလျှင် မိမိ၏လူရောက်၊ မရောက်ကို ကားပေါ်မှ စောင်းမြောင်းကြည့်သွားလေ၏။ အနီးအပါး၌ အရပ်ဝတ်၊ အရပ်စားနှင့် ပုလိပ်များ ရှိလေ သလောဟူသော အချက်ကိုလည်း ချန်လှပ်၍ မထားခဲ့ချေ။ မိမိ၏လူ ရောက်နေ၍ ပုလိပ်နှင့်တူသောလူ မရှိဟု ကျေနပ်ခဲ့ပါလျှင် လှမောင်သည် ကားကို မနီးမဝေးသို့ မောင်းနှင်သွား၍ လမ်းဘေး၌ ဆိုက်ရပ်ထားပြီးလျှင် ကားပေါ်မှဆင်း၍ လူသွားလူလာများကို ကြည့်နေလေ၏။ ဈေးသည်မိန်းမကြီးဖြစ်စေ၊ သူငယ်တစ်ယောက်ဖြစ်စေ၊ မိမိ၏ လူ စောင့်နေရာသို့ သွားမည်ကို မြင်သောအခါ လှမောင်သည် ထိုသူကို ခေတ္တ တားထား၍

.mgyoe.com

mgyoe.com

ပြက္ခဒိန်တစ်အုပ်ကို ပေးအပ်ပြီးလျှင် ရှေ့၌ စောင့်နေသော လူတစ်ယောက်က စာအိတ်တစ်လုံးနှင့် လဲလှယ်ယူလိမ့်မည်ဟု မှာထားပြီးနောက် ပိုက်ဆံ တစ်မတ်၊ ငါးမူး တန်သည် ပေး၍ လွှတ်လိုက်၏။ စောင့်နေသောလူသည် ပြက္ခဒိန်ကိုင်လာသော မိန်းမကြီးကို မြင်သောအခါ ပြက္ခဒိန်ကိုယူ၍ စာအိတ်ကို ပေးလိုက်လေရာ လှမောင်ကလည်း ခပ်လှမ်းလှမ်းမှ ကားနှင့် တဖြည်းဖြည်း မောင်း၍ လိုက်လာလေ၏။ လှမောင်သည် ထိုကဲ့သို့ လဲလှယ်ခြင်းကို မြင်ရသောအခါ ထိုလူသည် မိန်းမကြီးနောက်သို့ လိုက်၊ မလိုက် ချောင်းကြည့်နေ၏။ အကယ်၍ ထိုလူက မိန်းမကြီးအား ခြေရာခံ၍ လိုက်ဟန်တူလျှင်လည်း လှမောင်သည် မိန်းမကြီးကို အတွေ့မခံတော့ဘဲ ကားနှင့် မောင်းထွက်သွားလေ၏။ ထိုလူက ငွေပေးပြီးနောက် ထွက်သွားပါလျှင်လည်း လှမောင်သည် မိန်းမကြီးနောက်သို့ အတော် ဝေးဝေး ရောက်အောင် လိုက်ပြီးလျှင် အရိပ်အဆင်ထိ ကြည့်ပြီးမှ စာအိတ်ကို လှမ်းယူ၍ ထွက်သွားလေ၏။

စာပို့ထားသည့်နေ့မှစ၍ ပုလိပ်နှင့် ဆက်သွယ်ခြင်း ပြု၊ မပြုကို စောင့်ကြပ်ကြည့်နေပြီး ဖြစ်သောကြောင့် ငွေကို လက်ခံသူ လှမောင်မှာ ထင်သလောက် ဘေးအန္တရာယ် မများလှချေ။ လှမောင်၏ အမြဲတမ်း အလုပ်တစ်ခုမှာ စုံထောက်ဘက်၌ အမှုထမ်းသော အရာရှိအားလုံးတို့ကို မြင်လျှင်မြင်ချင်း သိနိုင်အောင် ဆည်းပူးထားရခြင်းပင် ဖြစ်လေရာ စုံထောက်များနှင့် ကိုးပွင့်ဆိုင်အသင်းကြီးမှာ အငယ်းရောင် ၌ရှိနေသော လူများနှင့် မှောင်ထဲ၌ရှိနေသော လူများနှင့် တူလှချေသည်။

တစ်ခါကမူကား ငွေတောင်းခံရသော သူဌေးသည် ကိုးပွင့်ဆိုင်အသင်းသားများ မသိရအောင် ပုလိပ်များနှင့် ဆက်သွယ်ထားလေ၏။ သို့ဖြစ်၍ စုံထောက်များသည် ငွေပေးမည့်နေ့၌ ချိန်းထား သောနေရာနှင့်
mgyoe.com

mgyoe.com

မနီးမဝေးရှိ တိုက်တစ်တိုက်ပေါ်မှ စောင့်နေကြလေ၏။ လှမောင်သည် စုံထောက်များကို မမြင်သောကြောင့် မိန်းမကြီးတစ်ယောက်အား ပြက္ခဒိန်ကိုပေး၍ မှာထားလိုက်၏။ သူဌေးသည် ပြက္ခဒိန်ကိုယူ၍ စာအိတ်ကိုပေးပြီးလျှင် ထွက်သွားလေ၏။ လှမောင်သည် ကားနှင့် ခပ်လှမ်းလှမ်းမှ လိုက်လာစဉ် မိန်းမကြီးကို လိုက်နေသော စုံထောက်များကို ရိပ်ခနဲ မြင်လိုက်သဖြင့် မိန်းမကြီးကို အတွေ့မခံတော့ဘဲ ဆက်လက်မောင်းနှင်သွားလေ၏။ စုံထောက်များသည် မိန်းမကြီးကို ရပ်တန့်၍ စစ်ဆေးမေးမြန်းရာတွင် ကိုးပွင့်ဆိုင်အသင်း နှင့် အလျဉ်း ဆက်သွယ်ခြင်း မရှိသည့်အဖြစ်ကို သိရှိကြရလေ၏။ သို့ရာတွင် မိန်းမကြီးအား စစ်ဆေးမေးမြန်းသဖြင့် ပြက္ခဒိန် ပေးအပ်သူ၏ ရုပ်လက္ခဏာကို သိသွားကြလေ၏။ ထိုအကြောင်းကို တွက်ချက်ပြီးဖြစ်သော မောင်ချစ်ခိုင်သည် နောက်နောင် ငွေတောင်းရန် ကိစ္စများ၌ လှမောင်ကို မခိုင်းတော့ဘဲ အခြား အသင်းသားတစ်ယောက်ကို စေခိုင်း လေ၏။

မောင်ချစ်ခိုင် ခေါင်းဆောင်လျက်ရှိသော ကိုးပွင့်ဆိုင်အသင်း၏ ဘေးကင်းစေသော နည်းစနစ်တစ်ခုမှာ ပုလိပ်များသည် ထို အသင်း၏အကြောင်းကို သဲလွန်စ တစ်စုံတစ်ခု ရရှိသွားသည်နှင့် တစ်ပြိုင်နက် မောင်ချစ်ခိုင်သည် ၎င်းသဲလွန်စကို ဖျောက်ဖျက်လိုက်သည်ဖြစ်စေ၊ သို့တည်းမဟုတ် နည်းစနစ် အသစ်တစ်ခု ပြောင်းလဲတီထွင်လိုက်သည် ဖြစ်စေ ပြုလုပ်မြဲ ဖြစ်လေရကား ရှေ့က ပြေး၍ နောက်က လိုက်ရသကဲ့သို့ မမီနိုင်အောင် ရှိနေခဲ့လေသည်။

တစ်ခါတစ်ရံ အရေးကြီးသောကိစ္စ တစ်စုံတစ်ခု ပေါ်ပေါက်လာခဲ့သဖြင့် မောင်ချစ်ခိုင်သည် မိမိကိုယ်ကို အသင်းသားများ မသိစေဘဲ ဆက်သွယ်ခြင်းပြုရန် ခဲယဉ်းလျက်ရှိ၏။

ဥပမာ . . . အသင်းသားတစ်ယောက်ကိုဖြစ်စေ၊ နှစ်ယောက်ကို

mgyoe.com